# ကံချွန်

# ယောက်ျားတို့



# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ယောကျ်ားဆိုတာ | ...... | ၁၁ |
| ၂။ | ငယ်ကအချစ် | ...... | ၁၂ |
| ၃။ | ယောကျ်ားမာယာ | ...... | ၁၅ |
| ၄။ | ချစ်သလား မုန်းသလားပြောပါလား | ...... | ၂၁ |
| ၅။ | မကောင်းလည်းကိုယ်–ကောင်းလည်းကိုယ် | ...... | ၂၉ |
| ၆။ | အချစ်လိုတယ် | ...... | ၃၉ |
| ၇။ | အိမ်ထောင်ရေးရဲ့အသက် | ...... | ၄၃ |
| ၈။ | ဈေးကွက်မေတ္တာရေး | ...... | ၄၅ |
| ၉။ | ချစ်တိုင်းလည်းမညား ညားတိုင်းလဲမချစ် | ...... | ၄၇ |
| ၁၀။ | မယားကြောက်တဲ့ ယောကျ်ားတွေ | ...... | ၅၃ |
| ၁၁။ | သူဌေးသားများ ရည်းစားထားတော့ | ...... | ၅၉ |
| ၁၂။ | ကြီးရင်မှီ ငယ်ရင်ချီ | ...... | ၆၅ |
| ၁၃။ | ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် | ...... | ၇၃ |
| ၁၄။ | မိဘပြောတော့တစ်လ မယားပြောတော့တစ်ည | ...... | ၈၁ |
| ၁၅။ | အိုင်တွေ့ခြေထား၊ တစ်ချို့ကွယ်တစ်မယ်မေ့ | ...... | ၈၅ |

| | | |
|---|---|---|
| ၁၆။ | ခေတ်မီတာနဲ့ သရုပ်ပျက်တာ | ၈၇ |
| ၁၇။ | လည်လွန်းတဲ့ဘီး | ၉၁ |
| ၁၈။ | လူကြီးလူရှုပ် | ၉၃ |
| ၁၉။ | တစ်ခုလပ်နဲ့ မုဆိုးဖို | ၁၀၁ |
| ၂၀။ | ဝါသနာကိုမတားနဲ့ ရှင်မရော | ၁၀၉ |
| ၂၁။ | အသွင်မတူ အိမ်သူမဖြစ် | ၁၁၃ |
| ၂၂။ | သူတို့အကြောင်းလည်း သိသင့်တာပဲ | ၁၁၅ |
| ၂၃။ | မိန်းမဟာ မိန်းမပါပဲ | ၁၁၈ |
| ၂၄။ | တစ်ခန်းရပ် | ၁၂၁ |



# စာရေးသူ၏အမှာ

ကံချွန်ဟာတစ်ဦးတည်းသောသမီးကို (သမီးအိမ်ထောင်မကျမီ အချိန်ထိ) စိုးရိမ်မှုကြီးစွာ၊ စိတ်မောစွာစောင့်ရှောက်ထိန်းသိမ်းခဲ့ရသူ ဖြစ်ပါတယ်။ မိန်းကလေးတစ်ယောက်အတွက် သူ့ဘဝလုံခြုံဖို့ရော၊ သူ့ကိုယ်သူထိန်းကျောင်းနိုင်ဖို့ရော ဘယ်လောက် အရေးကြီးတယ် ဆိုတာ ကံချွန်သိခဲ့ရသလို သူတို့ကိုယ်သူတို့ ထိန်းသိမ်းနိုင်ဖို့အတွက် ဘာတွေသိထားသင့်တယ်ဆိုတာလည်း ကံချွန်သတိထားမိခဲ့ပါတယ်။

မိန်းကလေးတစ်ယောက်ရဲ့ဘဝအတွက် အလိုအပ်ဆုံးမိတ်ဆွေ ဟာယောကျ်ားလေးဖြစ်သလို၊ မိန်းကလေးတစ်ယောက်ရဲ့ ဘဝ အတွက် ကြောက်စရာအကောင်းဆုံးရန်သူဟာလည်း ယောကျ်ားလေး ပါပဲ။ ပြီးတော့မိန်းကလေးနဲ့ ယောကျ်ားလေးဟာ ကင်းကွာလို့ မရပါဘူး။ အဲ ဒါပေမယ့် ရှောင်တိမ်းလို့တော့ရတယ်။ ဒီနေရာမှာ မှန်မှန်ကန်ကန်ဆုံးဖြတ်ဖို့တော့ လိုမယ်လေ။ မိန်းကလေးတစ်ယောက်

ဟာ သူ့ကိုချဉ်းကပ်လာတဲ့ယောကျ်ားလေးကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိရမယ်။

ရှောင်တိမ်းသင့်သူလား၊

မိတ်ဖွဲ့လက်ခံသင့်သူလား၊

အဆုံးအဖြတ်မှားလို့ မိတ်ဆွေကို ရန်သူထင်၊ ရန်သူကို မိတ်ဆွေထင်ဖြစ်လိုက်ရင်တော့ ကိုယ့်ဘဝအတွက် အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်သွားမှာပဲ။ အဲဒီဆုံးရှုံးမှုဟာ အဲဒီမိန်းကလေးတစ်ယောက် တည်းနဲ့ သက်ဆိုင်တာမဟုတ်ပါဘူး။ သူ့ရဲ့ဝန်းကျင် အသိုင်းအဝိုင်း မှာပါ လှုပ်ခတ်ထိခိုက်စေမှာအမှန်ပါ။ မိန်းကလေးတစ်ယောက်ရဲ့ ဘဝအကောင်းအဆိုးဟာ သူ့မိသားစုအတွက်ပါ ထပ်တူခံစားရစေမယ့် ပြဿနာပါ။ ဒါကြောင့် မိန်းကလေးတစ်ယောက်ရဲ့ဘဝနဲ့ ပတ်သက်တဲ့ အိမ်ထောင်ဖက်ရွေးချယ်မှုမှာ မိသားစုအသိုင်းအဝန်းဆိုတာ ပါဝင် လာကြတယ်။

ဒီလိုပါဝင်ပတ်သက်ရာမှာ မိဘအသိုင်းအဝိုင်းကပါ မှန်မှန် ကန်ကန် ရွေးချယ် ဆုံးဖြတ်ပေးနိုင်ဖို့လိုပါတယ်။

ဒါကြောင့်

'အပျိုစင်တို့သိဖို့ ယောကျ်ားတို့အကြောင်း'

စာအုပ်ကို အပျိုစင်တို့အတွက်ချည်းမဟုတ်ဘဲ

သမီးအပျိုစင်ရှိသော မိဘများအတွက်

နှမအပျိုစင်ရှိသော အစ်ကိုများအတွက်

ညီမအပျိုစင်ရှိသော အစ်မများအတွက်

မိမိတို့ရဲ့ နှမ၊ ညီမ၊ သမီး အပျိုစင်တွေကို ယောကျ်ားတွေအကြောင်း ပြောပြထားနိုင်ဖို့

မိဘက သမီးအပျိုစင်အတွက်
အစ်ကိုက နှမအပျိုစင်အတွက်
အစ်မက ညီမအပျိုစင်အတွက်
ယောကျ်ားတို့အကြောင်း သိအောင် ပေးဖတ်နိုင်ဖို့
အပျိုစင်တို့ဘဝ လှပစေဖို့
စတဲ့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီစာအုပ်ကိုရေးပါတယ်။

**ထံရှုန်**
**၆၊၃၊၁၉၉၄**

# ဝန်ခံချက်

'ယောက်ျားတို့အကြောင်း'ဆောင်းပါးအတော်များများ မှာမဂ္ဂဇင်းကြီးအချို့တွင် ရေးသားဖော်ပြပြီးဖြစ်ပါတယ်။ ခုစာအုပ်အဖြစ် တစ်စုတဝေးတည်း ထုတ်ဝေတော့မယ်ဆိုတော့

ပါပြီးသား ဆောင်းပါးတွေ စုထုတ်တာမျိုးမဟုတ်ဘဲ အားလုံးကို ပြန်စု၊ ပြန်ဖတ်၊ လိုတိုး၊ ပိုလျှော့၊ ဖြုတ်၊ ဖြည့် လုပ်ပြီး အသစ်ရေးသား လိုက်တာပါ။

ဒီစာအုပ်က

ယောက်ျားတွေ မကောင်းကြောင်း မဟုတ်ပါဘူး။

ယောက်ျားတွေ ကောင်းကြောင်းလည်းမဟုတ်ပါဘူး။

အဆိုးအကောင်း အကျိုးအကြောင်း ခွဲခြားနိုင်ဖို့အတွက် နည်းနည်းပါးပါး အထောက်အကူပြုပါလိမ့်မယ်။ ရေရှည်ကို ကြိုတွေးတတ်ပါလိမ့်မယ်။

ဒါလောက်ကလေးပါပဲ။

# အပျိုစင်တို့သိဖို့ယောကျ်ားတို့အကြောင်း


ဒီအိမ်ကြီး
ချောတယ်ကွ

## ယောက်ျားဆိုတာ

ယောက်ျားဆိုတာ ဘယ်လိုပါလား၊ သြော် သူတို့အကြောင်းက ဒီလိုကိုးလို့ ယောက်ျားတွေအကြောင်းသိအောင် ပြောရတော့မယ်ဆိုတော့ ဘယ်ကစပြောရရင်ကောင်းမလဲလို့လေးလေးစဉ်းစားကြည့်တယ်။ ဒီတော့ လေးလေး ငယ်ငယ် တုန်းကအကြောင်းတွေက စပြောရရင်တော့ မမှားနိုင်ဘူးလို့ အတွေးရသွားတယ်။ ယောက်ျားလေးများဟာ မွေးခါစကတည်း ကတူညီတာ တစ်ချက်ကတော့ ဘယ်လောက် ငိုနေနေ အပျိုကြီးများလက်ရောက်သွားရင် တိတ်သွားတာပဲ။ ဘယ်လို ဓါတ်သဘောလည်း မသိဘူး။

နိုင်ငံခြားက စိတ်ပညာရှင်တွေရဲ့အဆိုအရကတော့ ယောက်ျားလေးနဲ့ မိန်းကလေးရဲ့အပြုန်အလှန် စိတ်ဝင်စားမှုဟာ သိတတ်စအရွယ်ကစတယ်လို့ ပြောကြတာပဲ။ လေးလေးသတိထားမိတာက သူ့ထက်ခေတ်မီတာပေါ့။ မသိတတ်ခင်ကတည်းက စခဲ့တာဆိုတော့၊ အပျိုကြီးတွေကလည်း ယောက်ျားလေးချောချောလေးများဆို အလွန်ချီချင်တာ။ ဒါက ကိုယ့်ဟာကိုယ် သတိမထားမိခင်က စခဲ့တဲ့ စိတ်ဝင်စားမှုအစပဲ။

ကဲ ဒီတော့မကောင်းနိုင်တဲ့လောကကြီးမှာ သိတတ်စကာလရဲ့ အကြောင်းကို ဆက်ဆွေးနွေးကြည့်ရအောင်။ သိတတ်စကာလဆိုတာ ရည်းစားထားတတ်ခါစ မိန်းကလေးများနဲ့ စတင်ပတ်သက်စကာလ ကို ဆိုလိုတာပါ။

## ယခင်ကအချစ်

ယခင်ကအချစ် အနှစ်တရာမမေ့သာတဲ့။ လေးလေးက တော့ချစ်ခဲ့ဖူးတာ နှစ်နှစ်ဆယ်အစိတ်ရှိသေးတယ်။ အကုန်မေ့ကုန် ပြီ။ ဘယ်သူတွေချစ်ခဲ့မိလို့ ဘယ်သူတွေကြိုက်ခဲ့မိမှန်း မသိပါဘူး။ တွေးကြည့်တယ်။ လေးလေးရဲ့ ချစ်ဦးသူဟာ ဘယ်သူပါလိမ့်လို့။ တွေးမရဘူး ဖြစ်နေတယ်ကွဲ့။

လေးလေးရဲ့ချစ်ဦးသူဟာ ဘယ်သူပါလိမ့် ဘယ်သူပါလိမ့် ဘယ်သူပါလိမ့်လို့ လက်ပေါ်နဖူးတင်ပြီးလည်း တွေးကြည့်တယ်။ နဖူးပေါ် လက်တင်ပြီးလည်း တွေးကြည့်တယ်။ တွေးလို့မရဘူး။ ချစ်ဦးသူ စာရင်းပျောက်နေတယ်။ ပြီးတော့ နောက်ဆုံးချစ်ခဲ့တဲ့အချစ် နိဂုံးစာရင်းလည်း ပျောက်နေတယ်။ ဘယ်သူ့ကို နောက်ဆုံးချစ်မိလို့ ချစ်မိမှန်းလည်း မသိဘူး။ ချစ်ရမယ်ထင်တာတော့ ခုထိလည်း ချစ်နေတုန်းကိုး။ ဒီတစ်ယောက်နဲ့ချစ်နေတုန်း ဟိုတစ်ယောက်က အခြေအနေပေးတာနဲ့ အချစ်ကိုထရန်စဖာပေးပြီး အပြောင်းအရွှေ့ လုပ်ခဲ့တာတွေကလည်း အများသား။ တစ်ခါတစ်ခါမိန်းမတစ်ယောက် ယောက်နဲ့များ လမ်းမှာကြုံလို့

'ကိုကံချွန် ရှင် ကျွန်မကို မှတ်မိရဲ့လား'



ဆို မေးလိုက်ရင် ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတာပဲ။ အမှုတွဲ ဟောင်းများ ပြန်ပေါ်တော့လေမလား ဆိုပြီး။ အဲသလိုမေးတဲ့မိန်းမ က ပီပါလောက်ဝပြီး ပုံဆိုးပန်းဆိုးဆိုလို့ကတော့ အမေးခံရတဲ့နေရာကနေ ဝေးရာကို ဖနောင့်နဲ့တင်ပါး တစ်သားတည်းနေအောင်ပြေးချင်တော့ တာပဲ။ သူ့မျက်နှာသာရယ်ကျဲကျဲနဲ့ ကြည့်နေရတယ်။ ဘယ်သူမှန်း တကယ်မသိတာ။

'ရှင်ပဲ မောင့်အသည်းနဲ့လေးလို့ ခေါ်ခဲ့တာလေ'

ဆိုပြီး အစဖော်ပေးမှ 'ဩော် ငယ်ငယ်က ငါ့အချစ်ဆုံး လေးပါလား'လို့ဖြူဖြူသွယ်သွယ် ချစ်စဖွယ်ရုပ်ကလေးကို မြင်ယောင် မိတော့တယ်။ အဲဒီတော့လည်း ချစ်ရေးဆိုစဉ်က သူငြင်းခဲ့တာဟာ ငါ့ကုသိုလ်ကံကောင်းလွန်းလို့ပဲဆိုပြီး သက်ပြင်းချမိပါရဲ့။ အဲဒီတုန်းက သာလက်ခံလိုက်လို့ကိုယ်နဲ့ရပြီးမှ ဒီလိုပုံကြီးပေါက်နေရင် ဒုက္ခအသစ် တစ်မျိုးတိုးသွားမှာ သေချာတယ်။

ချစ်သောသူနဲ့ ကွေကင်းရခြင်းဒုက္ခ
မချစ်သောသူနဲ့ ပေါင်းသင်းရခြင်းဒုက္ခ
ပြီးတော့ ချစ်သောသူနဲ့ ပေါင်းသင်းရခြင်းဒုက္ခလို့။

အဲသလိုတွေ့ရကြုံရပြီဆိုရင် မြန်မြန်နှုတ်ဆက်ပြီး မြန်မြန်လစ်ရ တော့တာပဲ။ ရှက်လို့မဟုတ်ပါဘူး။ သူ့အရွယ်နဲ့သူပြောခဲ့၊ ရေးခဲ့၊ ပေးခဲ့တဲ့ကိစ္စတွေပဲ။ လစ်ပြေးချင်တာက သူ့ဘော်ဒီပုံမလာလို့ပါ။ သူသာအပျံစားဆိုလို့ကတော့ ဘာပြောကောင်းမလဲ အလွမ်းသယ် လိုက်မယ့်ဖြစ်ခြင်း။ အင်း ယောကျ်ားများရဲ့စိတ်။

ဒီ ချစ်တယ် ကြိုက်တယ်ဆိုတဲ့ ကိစ္စကြီးကို လေးလေး သေသေချာချာ စဉ်းစားကြည့်တယ်။ လူသားသမိုင်းမစခင်ကတည်းက အချစ်ဆိုတာရှိခဲ့တာပဲ။ ကျောက်ခေတ်လူသားတွေကနေ ဒီနေ့

သိပ်ပွဲလူသားတွေထိ မရိုးနိုင်ဘဲလက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြတာ ကတော့‘အချစ်’ဆိုတဲ့အရာပါပဲ။ လူသားဘဝရဲ့အစ ကျောက်ခေတ်ဦး လူသားဘဝကတည်းက တွေ့ရှိခဲ့တဲ့အချစ်ဟာ လူသားတစ်ယောက် ကလေးအရွယ်လွန်မြောက်တာနဲ့ နှလုံးသားထဲကို ခိုဝင်ပြီး အငြိမ်မနေ တော့ဘဲ ကမြင်းတော့တာကိုး။ အချစ်ကြောင့်ရင်ခုန်တယ်ဆိုတာ အဲဒီက စတာပေါ့။

ကလေးဘဝမှာ အတူတူကစားခဲ့ကြတဲ့ မိခွေးနဲ့ ဖိုးထောင်၊ တက်တူနဲ့ ငွက်ထော်၊ ကျော်မိုးနဲ့ မာဂရက် စတဲ့ကလေးတွေ အတူတူ မုန့်စားလိုက်၊ လိုက်ထုလိုက်၊ တူတူပုန်းလိုက် မလုပ်တော့ဘဲ မကစားတော့ဘဲ ခပ်တည်တည်လေးတွေ ဖြစ်လာပြီဆိုရင် သူတို့ အချစ်စိတ် စဝင်လာလို့ပဲ။ မရိုးသားကြတော့လို့ပဲ။ အဲ အချစ်စိတ် ဝင်လာလို့ ချစ်သွားကြပြီဆိုရင်တော့ တစ်ခါပြန်ပြီး အတူတူ မုန့်စားလိုက်၊ တူတူပုန်းလိုက်၊ လိုက်ထုလိုက် လုပ်ကြပြန်ရော။ အဲသလို ငယ်စဉ်မှာ ပထမဆုံး စချစ်ခဲ့တဲ့အချစ်ကို ငယ်ချစ်လို့ ခေါ်တာထင်ပါရဲ့။

## ယောက်ျားမောယာ

လူရယ်လို့ဖြစ်လာပြီးကလေးအရွယ်လွန်တာနဲ့ ဒီအချစ်ဆိုတဲ့ အရာကို ရင်မဆိုင်ချင်လို့မရဘူး။ လူသားတိုင်း ရင်ဆိုင်ရတယ်။ ကိုယ်က မချစ်လဲ သူကလာချစ်မှာပဲ။ အရွယ်ရောက်လာတာနဲ့ ယောက်ျားလေးဆိုရင် ချစ်ရေးဆိုချင်ဆိုလာမယ်။ မိန်းကလေးဆိုရင် ချစ်ရေးဆိုတာခံရမယ်။ ဒီတော့ ငါ့တူမများ ရင်ဆိုင်ရ၊ ကြုံဆုံရတဲ့ အခါ ရည်းစားစကား အပြောခံရပြီဆိုရင် ရည်းစားစာ အပေးခံရပြီ



ဆိုရင် လက်ခံသင့် မခံသင့်၊ အိမ်ထောင်ဖက်အဖြစ် ရွေးသင့် မရွေးသင့် စဉ်းစားနိုင်ဖို့ အရွေး မမှားဖို့ လေးလေးတို့ ငယ်ငယ်က အကြောင်းကို ပြောပြချင်တယ်။

ငါ့တူမများပထမဆုံး သတိထားရမှာကတော့ ယောကျ်ားလေးတွေ ပြောတိုင်းမယုံဖို့ပဲ။ ယောကျ်ားလေးတွေကိုများ မိန်းကလေးတွေကိုလိမ်ရင်ဖမ်းမယ်ဆိုလို့ကတော့ တစ်ယောက်မကျန်အဖမ်းခံရမှာ သေချာတယ်။ ဘယ်လောက်လိမ်သလဲဆိုရင် မရခင်မှာ လိမ်သလို ရည်းစားဖြစ်လည်း လိမ်တယ်။ ရသွားလည်း လိမ်တယ်။ ပေါင်းသင်းနေလို့ အဘိုးကြီးအဘွားကြီးဖြစ်ထိ လိမ်ကြတယ်။ မိန်းကလေးတွေကလည်း ဘာလို့မှန်းမသိဘူး။ ယောကျ်ားလေးတွေလိမ်ရင် ယုံတာပဲ။ အမယ်ပြောလိုက်သေးတယ်။ သူ့ခမျာ ကိုယ့်ကြောက်လို့လိမ်ပြောနေရှာတာတဲ့။

နောက်ပြီး မိန်းကလေးတွေကယုံလွယ်သလို သနားလွယ်တယ်ဆိုတာလည်း ယောကျ်ားလေးတွေက သိထားကြတယ်ကွဲ့။ ဒါကြောင့် ယောကျ်ားလေးတွေက မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုပြီဆိုရင် 'မင်းမှမရရင် သေပါလိမ့်မယ်၊ မင်းမရှိရင် ကိုယ့်ဘဝမှာ ဘာမှ အဓိပ္ပါယ်မရှိဘူး' ဆိုတဲ့ စကားမျိုးတွေနဲ့ စတော့တာပါပဲ။ ငါ့တူမများကလည်း သနားလောက်အောင်ပြောရင် သနားလိုက်တော့တာပဲ။ နည်းနည်းလေးမှ မစဉ်းစားကြဘူး။ 'မင်းမရရင် သေပါလိမ့်မယ်' လို့ ပြောခဲ့တဲ့ ယောကျ်ားလေးတွေဟာ တကယ်တမ်းကျတော့လည်း သေဖို့မပြောနဲ့ နှာစေးချောင်းဆိုးတောင် မဖြစ်ပါဘူး။

ယောကျ်ားလေး အတော်များများဟာ မိန်းကလေးတွေအကြောင်းသိကြပေမယ့် မိန်းကလေးအတော်များများကတော့


ရှင်ပြောတော့
ကျွန်မ မရရင် သေမယ်ဆို
ခုတော့ နှာစေးချောင်းဆိုးတောင်
မဖြစ်ပါလား

ယောက်ျားလေးတွေအကြောင်း မသိကြပါဘူး။ အဲဒါကစုမှ မဟုတ်ဘူး။ ဟိုးအလျင် ရှေးလူကြီးတွေရဲ့ လက်ထက်ကတည်းက။ မိန်းကလေးတွေက ညံ့တယ်ကွဲ့။ ဒီလိုပြောတော့ ငါ့တူမများက စိတ်ဆိုးချင်ကြလိမ့်မယ်။ လေးလေးပြောတာ ဟုတ်မဟုတ် စဉ်းစားကြည့်စမ်း။

ယောက်ျားတွေက 'မိန်းမတို့၏မာယာလေးဆယ်' ဆိုပြီး မိန်းကလေးများ ရည်းစားလိုချင်တဲ့အခါ ပြုမူတတ်တဲ့ အမူအကျင့်တွေကိုအကဲခတ်ပြီး မာယာလေးဆယ်ကို ပြုစုနိုင်ခဲ့တယ်။ အဲ မိန်းမတွေကတော့ ယောက်ျားမာယာ ဘယ်လောက်ရှိလို့ ရှိမှန်း မသိကြသေးဘူး မဟုတ်လား။ မိန်းမမာယာနဲ့ ပတ်သက်လို့နောက်တစ်မျိုး စာရင်းလွှတ် ပြောတာရှိသေးတယ်။ 'မိန်းမမာယာ သဲကိုးဖြာ' တဲ့။

မိန်းမတွေရဲ့ မာယာတွေနဲ့ပတ်သက်လို့ ယောက်ျားတွေက အဲသလိုပြောကြသလို ယောက်ျားမာယာနဲ့ပတ်သက်လို့ မိန်းမတွေဟာ တိတိကျကျ ပြန်မပြောနိုင်ပေမယ့် သူတို့ထက်များတယ်ဆိုတာတော့ မှန်းဆမိပုံရပါတယ်။ ဒါကြောင့်လည်း ယောက်ျားမာယာက သဲကိုးဖြာ မလောက်လို့ မန်ကျည်းကိုပင်နှောက်ရသေးတယ်ဆိုပြီး ချေပကြတာပေါ့။ အဲသလိုချေပတဲ့ဆီမှာ မန်ကျည်းပင်အရွယ် သေသေချာချာ ညွှန်းမထားတော့ အပင်ပေါက်ခါစ မန်ကျည်းပင်ဆိုရင် အရွက်အရေအတွက် အတော်ကို နည်းသွားမှာပဲ။

မိန်းကလေးတွေအနေနဲ့ ယောက်ျားတွေရဲ့ မာယာဘယ်လောက်ရှိတယ်ဆိုတာကို မသိတာ အပြစ်တော့မပြောချင်ပါဘူး။ လေးလေးတို့ ယောက်ျားချင်းတောင်မှ ဘယ်လောက်ရှိတယ်ဆိုတာ မသိဘူးကွဲ့။ နောက်ပြီးယောက်ျားတွေမှာရှိတဲ့မာယာ တစ်ယောက်နဲ့ တစ်ယောက်


ချစ်သလား
မုန်းသလား
ပြောပါလား

လည်းမတူကြဘူး။ ယုံ။ လေးလေးက လက်တွေ့။ လေးလေးထက် မာယာသာတဲ့ငတိတွေ နောက် လေးလေးရဲ့ရည်းစား ခုနစ်ယောက် တီတီ ပါသွားဖူးတယ်လေ။ ဒါကြောင့် ယောကျ်ားတွေရဲ့မာယာ အတိအကျ မသိရတဲ့ ငါ့တူမများအတွက် အကောင်းဆုံးကတော့ ယောကျ်ားတွေပြောလာတဲ့စကားကို သေသေချာချာစဉ်းစားပြီးမှ ယုံဖို့ပဲ။

အစကတော့ ဒီအကြောင်းတွေ သိပ်အသက်ကြီးသွားတဲ့အခါမှ ပြန်ပြောပြမလို့ပါ။ 'ဘဘချွန်' အရွယ်ရောက်ခါမှ ပြန်ပြောရင် 'ဘဘချွန်' သူငယ်ပြန်နေပြီလို့ ပြောကြမှာဖြစ်ပေမယ့် ခုလို မကြီး မငယ်အရွယ်မှ ပြန်ပြောရတော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို တော့ ဖြစ်တာပေါ့လေ။

အင်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတော့သူများ ဝင်ထောင်း တာနဲ့စာရင် နည်းနည်းတော့ သက်သာတာပေါ့။

ဟုတ်တူးလား။

## ချစ်သလားမုန်းသလား ပြောပါလား

စေ့စေ့တွေးတော့လည်း ရေးရေးမဟုတ်ဘူး၊ အထင်းသားကို ပေါ်လာတော့တာပဲ။ ကိုယ့်အကြောင်း သူများရေးရင် နာဦးမယ်။ ဒီတော့ ကိုယ့်ဟာကိုယ်ပြန်ရေးတာပဲ ကောင်းပါတယ်။ ကြွားရတာ မဟုတ်တော့ ရေးရတာ စိတ်သန့်ပါတယ်။

လေးလေးငယ်ငယ်တုန်းကပေးခဲ့တဲ့ ရည်းစားစာတွေ မြန်မာ ပြည်အနှံ့ လိုက်စုလိုက်ရင် ဆရာကြီးရွှေဥဒေါင်းရဲ့ မောင်စံရှား ပေါင်းချုပ်လောက်တော့ ရှိမယ်ထင်တယ်။ စာရေးဆရာဖြစ်မယ့်



ကလေးမို့လားမသိဘူး။ အလွန်ရေးခဲ့တာပဲ။ တစ်ညတစ်ည သုံးလေးစောင်ရေးပြီး မနက်မိုးလင်းတာနဲ့ ကုန်အောင်ပေးပစ်တော့တာပဲ။ အဲသလောက် လက်သွက်တာ။ လေးလေးရဲ့မူက ပေးဖို့ရာ ကိုယ့်အလုပ်။ ပြန်ကြိုက်တာ မကြိုက်တာက သူ့အလုပ်လို့ အချစ်တာဝန်ခွဲထားတာကိုး။ ချစ်ရေးဆိုရလို့ ကိုယ့်မှာအရှုံးမှမရှိဘဲ။ ဟိုဘိန်းစားသူကြီးဆီ မြင်းတောင်းတဲ့ပုံပြင်လိုပေါ့။ အဲဒီပုံပြင်က

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ ဘိန်းစားတစ်ယောက် ရှိသတဲ့။ ဘိန်းစားတဲ့လူများဟာ အလွန်ပျင်းတာလား။ သူတို့ဘိန်းမူးနေပြီဆိုရင် ငိုမ်ယူဖို့ပဲ တတ်တယ်။ ဘာအလုပ်မှကို မလုပ်ချင်တာ။ ကိုယ်စားမယ့် ထမင်းတောင်ကိုယ့်ဟာကိုယ် ခူးရမယ်ဆိုမစားဘူး။ ခူးကျွေးမယ့်လူရှိမှ စားချင်တာ။ အဲသလို ထလုပ်ရမယ့်အလုပ်မျိုး မပြောနဲ့၊ ကိုယ့်ကိုက်နေတဲ့ ခြင်ကိုယ့်ဟာကိုယ်ရိုက်ဖို့ကိုပဲ မရိုက်ချင်ဘူးကွဲ့။ ဘေးရှိတဲ့ တစ်ယောက်ယောက်ကို

'ငါ့ကိုက်နေတဲ့ ခြင်လေးကို ရိုက်လိုက်စမ်းပါ။ ငါ့အသားမနာစေနဲ့နော်၊ အသာလေးရိုက်။ ခြင်ဆိုတဲ့ ထိတာနဲ့ သေတယ်။ တအားရိုက်ဖို့မလိုဘူး'

ဆိုတဲ့ လူမျိုးတွေ။ အဲသလို အလွန်ပျင်းတဲ့ ဘိန်းစားက တစ်ရက်မှာ ရွာထိပ်သစ်ပင်အောက်အိပ်နေတုန်း သူကြီးကမြင်းစီးလို့ လှည်းလမ်းအတိုင်း ဖြတ်လာသတဲ့။ ဒီတော့ဘိန်းစားက အိပ်နေရာကနေ လှမ်းပြီး

'ဗျို့ သူကြီး အဲဒီမြင်းကြီး ကျုပ်ပေးပါလား'

သူကြီးက မျက်မှောက်ကြုတ် ကြည့်လိုက်ပြီး

'ဘာလို့ ပေးရမှာလဲ'

လို့ အသံမာမာနဲ့ ဖြေတယ်။ ဒီတော့ ဘိန်းစားက



'မပေးနေပေါ့ဗျ၊ ပေးရင်အမြတ်ပဲ၊ မပေးတော့လဲ အရင်းပဲ၊ ဘာအရှုံးရှိတာမှတ်လို့၊ လေပဲစိုက်ရတာ'

လို့ပြောလိုက်သတဲ့။ လေးလေးတို့ ငယ်ငယ်တုန်းက မိန်းကလေးတစ်ယောက်ရဲ့ မေတ္တာကို တောင်းပြီဆိုတာနဲ့ဘိန်းစားက သူကြီးဆီ မြင်းတောင်းသလိုပါပဲ။ ရရင်အမြတ်။ မရတော့လည်း အရှုံးမရှိဘူးလေ။ ဒါနဲ့ဆက်ရဦးမယ်။ လေးလေးရဲ့ရည်းစားစာ ပေးပုံသွက်တာက၊ မိန်းကလေးတစ်ယောက်ဟာ လေးလေးရဲ့ အိမ်ရှေ့မှာ တစ်မနက်တည်းနှစ်ခေါက်လောက် ဖြတ်လျှောက်မိလို့ကတော့ အဲဒီကောင်မလေး စာနှစ်စောင်အပေးခံရပြီသာ မှတ်ပေတော့။

ယောကျ်ားလေးတစ်ယောက် အရွယ်ရောက်ပြီဆိုတာနဲ့ အချစ်စိတ်ကလှုံ့ဆော်တော့ ရည်းစားစာပေးတဲ့အလုပ်၊ ရည်းစားစကားပြောတဲ့အလုပ်ကို လုပ်ကြတော့တာပဲ။ ဒါကြောင့် မိန်းကလေးများ အရွယ်ရောက်တာနဲ့ ရည်းစားစာအပေးခံရ၊ ရည်းစားစကား အပြောခံရမယ်လေ။ ဒါမဆန်းပါဘူး။ ငါ့တူမများလည်း အပေးခံရ၊ အပြောခံရ ကြုံရခဲ့ဖူးပြီ ဖြစ်ကောင်းဖြစ်မှာပါ။ မကြုံရသေးရင်လည်း အနေးနဲ့အမြန်ဆိုသလို ကြုံရမှာပါပဲ။ ဒီနေ့ မိန်းကလေးတွေကတော့ အရွယ်မရောက်ခင်ကတည်းက ကြုံခဲ့ရမှာပါပဲ။ ဒီနေ့ခေတ်ယောကျ်ားလေးတွေက လေးလေးတို့ခေတ်ထက် အများကြီးသွက်တာပဲ။

ကြုံလာတဲ့အခါ သတိထားရမှာကတော့

'ရှင့်ကိုယုံရမှာလား'

'ခင်ဗျားကိုမယုံရဲဘူး'

ဆိုတဲ့စကားမျိုးတွေပြန်မမေးမိဖို့ပဲ။ ယုံသင့်မယုံသင့် ကိုယ့်ဟာကိုယ်ပဲ စဉ်းစား။ ချက်ချင်းဆုံးဖြတ်လို့ မရရင်လေ့လာပြီးမှ

ဆုံးဖြတ်။ ယုံသင့်မယုံသင့် သူ့ကိုပြန်မေးလိုက်ပြီဆိုတာနဲ့ သူ့ကို ယုံကြည်ဖို့ အမျိုးမျိုးပြောတော့မှာပေါ့။ စဉ်းစားကြည့်လေ။

အပျော်တမ်းချစ်တဲ့ ငတိ

ရမလားလို့စမ်းတဲ့ ငတိ

လွယ်မယ်ထင်လို့ဆတ်ဆော့တဲ့ ငတိက ဘယ်မှာလာပြီး

'ဟင့်အင်း တကယ်မဟုတ်ဘူး၊ ကျွန်တော့်မယုံနဲ့' ပြောပါ့မလား။ လက်ပူးလက်ကြပ်မမိသေးမျှ သူခိုးဆိုတာ ခိုးတယ်လို့ မပြောပါဘူး။

မှတ်ထား။

ယောက်ျားလေးဆိုတာ ကိုယ့်ပြန်ချစ်လိမ့်မယ်ထင်လို့က တော့ ဘယ်လိုကတိမျိုးမဆိုပေးတာ။ ကိုယ့်ချစ်သူကို မလိမ်ဖူးတဲ့ ယောက်ျားလေးဆိုတာ မရှိဘူး။ မိန်းကလေးတစ်ယောက်ရဲ့အချစ် ကိုရဖို့ဆို ဘယ်လိုကတိမျိုးမဆိုပေးတာ။ ဖြစ်နိုင်တာမဖြစ်နိုင်တာ ဘာမှ စဉ်းစားနေတာမဟုတ်ဘူး။ နောက်မှနောက်ရောက်ရေး။

ချစ်သူကသာအလိုရှိမယ်ဆိုရင် ကောင်းကင်ကကြယ်ပန်း ကိုလိုချင်သလား။ ခူးကြယ်တစ်ပွင့်တည်းကို ပန်ချင်သလားရအောင် ယူပေးပါ့မယ်ဆိုတဲ့ လေးလေးတို့ယောက်ျားတွေဟာ ရပြီးလို့ကတော့ လမ်းထိပ်ကအကြော်ကျွေးတောင်မှ ဝယ်ပေးချင်တာ မဟုတ်တော့ဘူး။ ဒီနေ့ခေတ်ယောက်ျားတွေမှ မဟုတ်ဘူး။ ဟိုတုန်းကယောက်ျား တွေလည်း အဲသလိုပါပဲ။ ငါ့တူမများ ကြားဖူးမှာပေါ့။ ရှေးသီချင်းလေး တစ်ပုဒ်ရှိတယ်လေ။

'အုံ့ပုန်းချစ် တစ်ရက်လောက်ချစ်ရတာရယ်

လင်မယားချစ် တစ်သက်လိုက်လို့မမီပါတယ်'

http://swanbros.blogspot.com



ဆိုတဲ့သီချင်းလေ။ ကဲ မရှင်းဘူးလား။ လင်မယားဘဝ တစ်သက်လုံးချစ်ရတာက ချစ်သူဘဝ တစ်ရက်ချစ်ရတာတောင် လိုက်မမီဘူးတဲ့။ ချစ်သူဘဝဆိုတာ တွေ့ကြတဲ့ခဏမှာသူကလည်း ကိုယ့်အကြိုက်၊ ကိုယ်ကလည်းသူ့အကြိုက် တွေ့ရတုန်းခဏမို့ အလိုက်အထိုက်နေကြတာဆိုတော့ စိတ်ပျက်စရာဆိုတာမရှိကြဘူးလေ။ ချစ်သူဘဝမှာ အမူအကျင့်စရိုက်မှန်ဆိုတာ မှန်းဆအကဲခတ်လို့မရဘူးလေ။ ယောကျ်ားလေးအတော်များများဟာ သူ့ချစ်သူရှေ့မှာ ခြောက်ပြစ်ကင်းလေးတွေချည်းပဲ။ ချစ်သူက မီးကို ရေဆိုရင်တောင်မှ သောက်လိုက်ရရင် ဇိမ်ပဲနော်လို့ ပြောကြမှာ။ အဲသလိုနေပြီးမှ ကိုယ့်ချစ်သူကို မေးတော့တာ။

'ချစ်သလား မုန်းသလားပြောလေ'

'မေးဖို့လိုသေးလား'

'လိုတာပေါ့'

'မပြောချင်ပါဘူး'

'ကြားချင်လို့ပါ'

'ပြောရမှာရှက်တယ်'

'ဝေ့ဝိုက်မနေပါနဲ့ကွာ မချစ်လို့ပြောရမှာ ခက်နေတာမဟုတ်လား'

'အိုး ဘယ်သူကမုန်းတယ်ပြောလို့လဲ'

'ဒါဖြင့်ချစ်တယ်ပေါ့'

'..............'

'ဟင့်အင်း ခေါင်းညိမ့်တာမလိုချင်ဘူးကွာ၊ ပြော'

'ချစ်ပါသတဲ့ရှင်၊ ချစ်ပါတယ်'



ဆိုပြီး ဖြေတာကို လေးလေးတို့ငယ်ငယ်က နားအရသာခံဖူးတာပေါ့။ အဲသလိုမပြောမချင်း အမျိုးမျိုးလှည့်ပတ်မေးတာ။ ငါ့တူမများ စဉ်းစားကြည့်။ ချစ်ရေးဆိုလာသူတစ်ယောက်ကို

ချစ်ပါတယ်လို့ အဖြေပေးလိုက်တာဟာ
ကိုယ်ဘဝ သက်တမ်းတစ်လျှောက်လုံး
သူ့လက်အပ်ဖို့ရာ
စရန်သတ်လိုက်တာပဲ။

ဒီတော့ ငါ့တူမများသတိထားကွဲ့။ ချစ်သလား၊ မုန်းသလား မေးလားပြီဆိုရင် လွယ်လွယ်နဲ့ အဖြေမပေးမိစေနဲ့။

## မကောင်းလည်းကိုယ် ကောင်းလည်းကိုယ်

ရည်းစားထားခြင်းနဲ့ အိမ်ထောင်ဖက်ရွေးချယ်ခြင်း ဆိုတာ ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည် ဖြစ်စေ၊ ပညာရှိသည် ဖြစ်စေ၊ ပညာမဲ့သည် ဖြစ်စေ အမျိုးသမီးကိုးဆယ်ရာခိုင်နှုန်း ရင်ဆိုင်ကြုံဆုံရမှာဖြစ်ပါတယ်။ အိမ်ထောင်မပြုဖြစ်တဲ့အပျိုကြီး လူပျိုကြီးဆိုတာက အနည်းစုပါ။ သူတို့လည်း ရည်းစားတော့ ထားဖူးချင် ထားဖူးမှာပေါ့။ အဲ ရည်းစားမထားဖူးဘဲနဲ့ အိမ်ထောင်ကျသူတွေလည်း ရှိတတ်တာပဲ။ လူကြီးမိဘများက သင့်လျော်မယ်ဆို စီစဉ်လို့ အိမ်ထောင်ကျတာမျိုးပေါ့။

လူကြီးမိဘများက ပျင်းပျင်းရှိ ခေါင်းပေါင်းစ တလူလူ လုပ်ချင်တာနဲ့ သားသမီးကို မင်္ဂလာဆောင်ပေးတာပဲလို့တော့ မထင်လေနဲ့။ သားသမီးကို သင့်တော်ရာ အိမ်ထောင်ဖက်ရွေးပြီး

ပေးစားဖို့က မိဘတွေရဲ့ တာဝန်ဝတ္တရားကွဲ့။ လေးလေးကတော့ မိဘဝတ္တရားငါးပါးကို ငယ်ငယ်ကတည်းက အပိုင်ကျက်ထားတာ။

မကောင်းမြစ်တာ
ကောင်းရာညွှန်လတ်
အတတ်သင်စေ
ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင်
ဝတ်ငါးအင် ဖခင်မယ်တို့တာ

ဆိုတာကိုး။ အိမ်ထောင်ပြုရမယ့်အရွယ်မှာ ကိုယ့်အစွမ်းအစနဲ့ ရှာလို့မရရင် "မာမီရယ် ရှာပေးကွယ်" ဆို အော်ရအောင်လို့။ လူကြီးမိဘများ ဝတ္တရားရှိလို့ စီစဉ်တဲ့အခါ ကိုယ့်မှာကရည်းစား ရှိနှင့်နေတော့ ကောင်းမယ်ထင်လို့ စီစဉ်တာကို ဟင့်အင်းဆို ခေါင်းခါပြီး မကောင်းလည်းကိုယ်၊ ကောင်းလည်းကိုယ်၊ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ ကိုယ့်အိမ်ထောင်ဖက် ကိုယ့်ဟာကိုယ် ရွေးမယ်ဆိုတဲ့ လူငယ်လေးတွေ၊ အမျိုးသမီးလေးတွေလည်း တွေ့ဖူးပါတယ်။ အဲသလို ကိုယ့်အသိနဲ့ကိုယ် ရွေးချယ်မယ်ဆိုရင်တော့ အလေးအနက် စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ အထူးသဖြင့် ငါ့တူမများက ပိုပြီး စဉ်းစားရမယ်။

တစ်မိသားနဲ့ တစ်မိသား
အလကားနေရင်း
တစ်သက်လုံး လုပ်ကျွေးဖို့
အပြင်းအထန် ကြိုးစားတယ်ဆိုကတည်းက

လက်ထပ်ကြဖို့အထိ ဆုံးဖြတ်ကြပြီဆိုကတည်းက အပြန် အလှန် မျှော်လင့်ချက်ရှိလို့ပဲ။

ရပြီးတဲ့အခါ အိမ်ထောင်ရေးမသာယာဘူးဆိုတာ မျှော်လင့်တဲ့ အတိုင်း ဖြစ်မလာလို့။ မိန်းကလေးအတော်များများဟာ ကိုယ့်ချစ်သူကို အားကိုးခဲ့ကြတာက ဟိုးမိန်းမပေါ်စဦးကတည်းက ဖြစ်မယ်ထင်ပါရဲ့။ အဲသလို အားကိုးတာကို အပြစ်မပြောလိုပါဘူး။ ယောကျ်ားဆိုတာ အားကိုးထိုက်တဲ့ အမျိုးကိုး။ အားကိုးထိုက်တယ်ဆိုတာ ဟိုးအလျင်ကတော့ မှန်ပါတယ်။

“မောင့်မျက်နှာ တစ်ရွာမှတ်ထင်”

ဆိုတဲ့စကားဟာ မိန်းကလေးတွေအားကိုးခဲ့တဲ့ သဂေါ်တာပေ့ါ။ ဒီကနေ့တော့ မောင့်မျက်နှာတစ်ရွာမှတ်ထင်ဖို့မပြောနဲ့ ပလေးဆယ် × ခြောက်ဆယ် မြို့သစ်မြေတစ်ကွက်စာတောင် မှတ်ထင်ဖို့ရာ ခပ်ခက်ခက်ပဲ။ ခင့်ကို ခင့်မိဘကထားတဲ့ အဆင့်မျိုးထက် မနိမ့်ရအောင် မောင်ပါခင်တို့တိုက် လိုက်နေပါ့မယ်ဆိုတဲ့ ငတိမျိုးတွေ များနေတယ်။ အိမ်ထောင်ပြုတော့မယ်ဆိုရင် ကိုယ်ရွေးချယ်ထားတဲ့ ကိုယ်ချစ်သူဟာ လင့်ဝတ္တရားငါးပါး၊ ကျေပွန်အောင်ထမ်းဆောင်နိုင်မယ့်လူလားဆိုတာ အလျင်ဆုံး စဉ်းစားပါ။ လင့်ဝတ္တရားငါးပါးဆိုတာ ဘာတွေမှန်းတော့ လေးလေးလည်း မသိဘူး။ ယောကျ်ား အတော်များများဟာ အဲဒီတာဝန်တွေကို ကိုယ်နဲ့မဆိုင်သလို မေ့ထားကြတယ်ကွဲ့။ ခု ငါ့တူမများ သိထားရအောင် ပြောပြချင်တော့မှ ကပျာကယာစာအုပ်စာတမ်းတွေထဲပြန်ရှာတော့ လင့်ဝတ္တရားငါးပါးကို ဒီလိုတွေ့ရတယ်။

(၁) မိမိမယားအား မထီမဲ့မြင် နိုင်လိုမင်းထက် မပြောဆိုခြင်း

(၂) မိမိရှာဖွေရသမျှ ပစ္စည်းဥစ္စာတို့ကို အကုန်ပေးအပ်ခြင်း

(၃) အခြားသော မိန်းမတို့ကို မကျူးလွန် မဖောက်ပြားခြင်း



(၄) အဝတ်အစား အဆောင်အယောင်တို့ကို ပေး၍ မြှောက်စားခြင်း။

(၅) ချစ်ခင်မြတ်နိုးသောစိတ်ဖြင့် ကြင်နာစွာယုယခြင်း။

လို့တွေ့ရတာပဲ။ ဒီဝတ္တရားတွေထဲက ရှာဖွေရတာ ပေးအပ်ဖို့နဲ့ အဝတ်အစားအဆောင်အယောက်နဲ့ မြှောက်စားဖို့တာဝန်တွေကို လေးလေးတို့ ယောကျ်ားတွေဟာ မယားဝတ္တရား ဘက်ပြောင်းပို့ထားကြတာ အတော်ကြာပြီကွဲ့။ အိမ်ထောင်ပြုပြီးတာနဲ့ လင်ကို လုပ်ကျွေးနေရတာတွေ အတော်များလာပြီ။ မယားဝတ္တရားငါးပါးဟာ မသိမသာနဲ့ ခြောက်ပါးဖြစ်တော့မယ်။ တရားဝင်သာ မယားဝတ္တရား ခြောက်ပါးလို့ မပြောမဆိုကြသေးပေမယ့် လုပ်ကျွေးရမယ့်တာဝန်ကိုတော့ မယားဝတ္တရားဘက် ပြောင်းပို့ထားတာဟာ ခုမှမဟုတ်ပါဘူး။ ဟိုးအလျှင်ကတည်းကပါ။ ဒါကြောင့်လည်း ထဘီနားခိုစားတယ်ဆိုတဲ့ စကားပေါ်ခဲ့တာပေါ့။ ငါတူမများခေတ်မှာတော့ စကတ်နားခိုစားတယ်လို့ ပြောင်းပြောရလိမ့်မယ် ထင်တယ်။ အဲသလို စကတ်နားခိုစားမယ့် ငတိမျိုးကို အားမကိုးမိဖို့ ရှောင်တတ်ဖို့လိုတယ်။

မိန်းကလေးဆိုတာ အရှက်နဲ့ လူလုပ်တာ။

ယောကျ်ားလေးဆိုတာ အသက်နဲ့ လူလုပ်တာ။

ဆိုတဲ့ စကားကြားဖူးမှာပေါ့။ အဲဒီစကား ထောက်ချင့်ခြင်းအားဖြင့် ယောကျ်ားလေးတွေဟာ သိပ်ပြီး မရှက်တတ်ကြဘူးကွဲ့။ ဒါကြောင့်လည်း တစ်ခါတစ်ခါ လမ်းပေါ်မှာ အော်အော်သွားကြတာပေါ့။ သူ့မှာ ဘာမှမပိုင်တဲ့အကြောင်း၊ နေစရာလည်းမရှိတဲ့ အကြောင်း၊ မွဲကြောင်း။ အဲဒါကြောင့် မချစ်ရင်နေ၊ မင်းမချစ်လည်းနေပါရတယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။ နောက်ပြီး ရှိသေးတယ်။ နေစရာလည်း မပိုင်၊ အစီးအနင်းလည်း မပိုင်၊ ဘာမျှမပိုင်လူက မင်းအသည်းလေး



တော့ ပိုင်ချင်တယ်ဆိုတဲ့ သီချင်းမျိုး။ မိန်းမပိုးရာမှာ အားကိုးတကြီး အသုံးပြုတဲ့လူကို ငါ့တူမများက ချစ်မိပြီဆိုရင် ငါ့တူမဟာ တော့်တော့်ကို အသိဉာဏ်နည်းတဲ့ မိန်းကလေးပဲ။ တစ်သက်လုံး လုပ်ကျွေးမယ့်သာ ဟန်ပြင်ပေတော့။

လေးလေး ယောကျ်ားလေးတွေကို အပြစ်မတင်ပါဘူး။ ငါ့တူမများကို ယောက်ျားလေးတွေအကြောင်း သိအောင်ပြောပြတာပါ။ လေးလေးတို့ ငယ်ငယ်တုန်းကလည်း အဲသလိုပါပဲ။ ကိုယ့်မှာဘာမျှ မရှိတာကို 'ဂုဏ်' တစ်ခု၊ အရည်အချင်းတစ်ခုလို့ ထင်ခဲ့တာပေါ့။ သူတို့လို သီချင်းမဆိုတတ်လို့သာ မဆိုခဲ့တာ။ ရည်းစားစာ စပေးကတည်းက "မောင်က မျက်နှာမွဲမို့ မရဲတာရဲ့နဲ့ မျှော်လင့်နေပါတယ်" ဆိုတာနဲ့ စတာပေါ့။ "မွဲ"တာကိုပဲ သနားစရာကောင်းတဲ့ အရည်အချင်းလို့ ယုံကြည်ထားတာကိုး။ ကိုယ့်မှာ ဘာမျှမရှိတဲ့နဲ့သာ ပြန်ချစ်စေချင်တာနော်။ အဲဘာမျှမရှိတဲ့ မိန်းကလေးကျတော့ မျက်စောင်းတောင် မထိုးချင်ဘူး။

ပြောချင်သေးတယ်။ လေးလေးငယ်ငယ်တုန်းက သူဌေးသမီး တစ်ယောက်လောက်သာရရင် ထိုင်စားမှာပဲဆိုပြီး ကြံဖူးပါတယ်။ ကျောင်းရောက်လာသမျှ သူဌေးသမီးတွေကို တန်းစီပြီး ရည်းစားစကားပြောတော့တာပဲ။ ပြောရုံနဲ့အားမရလို့ သူတို့အတွက်'ဟုန်းဝပ်' အိမ်စာဆိုပြီး ရည်းစားစာက ထည့်ပေးလိုက်သေးတယ်။ အဲဒီတုန်းက ထီတစ်စောင်က နှစ်ကျပ်ကွဲ့။ ပေါက်ရင် တစ်သိန်းဆုဆိုတာက အကြီးဆုံး။ ဒီတော့ "ရိုက်တင်းပက်" တစ်အုပ်ကိုနှစ်ကျပ်နဲ့ဝယ်လိုက်ရင် ရည်းစားစာအစောင်ငါးဆယ်လောက် ရေးနိုင်တယ်။ အဲဒီတွက်ကိန်းနဲ့ ထီတစ်စောင်ထိုးပြီးသူဌေးဖြစ်ဖို့ မျှော်လင့်ရတာထက် ရည်းစားစာ အစောင်ငါးဆယ်ရေးပြီး သူဌေးသမက်ဖြစ်ဖို့ မျှော်လင့်



ရတာက ပိုပြီးနိုးစပ်တယ်ဆိုတဲ့ တွက်ကိန်းနဲ့ စာရေးစက္ကူပန်းရောင်လေးတွေ၊ အပြာရောင်လေးတွေ တစ်အုပ်ပြီးတစ်အုပ် ဝယ်ရေးခဲ့တာပေါ့။

ကိုယ်ကချစ်ရေးဆိုလို့ ကိုယ့်ပြန်မကြိုက်တဲ့ သူဌေးသမီးဆို

'အသည်းမပါဘူး'

'မေတ္တာတရားခေါင်းပါးတယ်'

'အချစ်ကို လေလံစနစ်နဲ့ ဈေးကွက်တင်ပြီးရောင်းစားမယ့်မိန်းမ'

'သံယောဇဉ်ကို ရွှေဒင်္ဂါးနဲ့လဲမယ့် ဟာမ'

ဘာညာနဲ့ စုံနေအောင် ပြောတော့တာပဲ။ ဒီနေ့ခေတ်ကောင်လေးတွေ 'ဒေါ်လာ' မက်တဲ့ဟာမဆိုပြီး ရန်ထောင်သလိုပေါ့။ ညညမှ'အသည်းခွဲဘုရင်မကြီး' 'အသည်းစားဘုရင်မကြီးနဲ့' သူ့အိမ်ရှေ့ကသွားအော်တာက ပိုသေးတယ်။ ခုမှ စဉ်းစားကြည့်တယ်။ တကယ်ကို ရိုက်ပေါက်တွေ လျှောက်လုပ်ခဲ့တာ။

အချို့ကိုတော့လွမ်းပြရင် ရမလားဆိုပြီး လွမ်းပြဖူးပါတယ်။ အလွမ်း အကယ်ဒမီရိုက်လောက်အောင်ကို လွမ်းပြဖူးတာ။

'မျက်ရည်ကျူးနဲ့ ကြေကွဲခြင်းမြို့ရိုးရဲ့ အတွင်းမှာ သောကနန်းဆောင်ဆိုတာ ရှိလေရဲ့။ မရဲ့ဆင်စွယ်စိန်စီ ပတ္တမြားရံတဲ့နန်းဆောင်ပေါ်ကနေ တစ်ခါလောက်မျက်တော်တစ်ခတ်စာလေးလှမ်းကြည့်တယ်ဆိုရုံ ကြည့်လိုက်စမ်းပါ။ မကိုချစ်တဲ့အတွက်မင်းပေးလိုက်တဲ့ အမုန်းကျိန်စာကြောင့် သက်ရှိကျောက် ရုပ်လိုဖြစ်နေတဲ့ကိုယ့်ကိုမင်း တွေ့ရလိမ့်မယ်၊ ရိုက်သံဟာ ကိုယ့်သောကနန်းဆောင်ရဲ့ထာဝရတေးသံလိုဖြစ်နေပြီကော မရယ်။ ကိုယ့်မှာ အိပ်ချိန်ဆိုတာ



မရှိတော့ဘူးလေ။ မင်းရဲ့ ရက်စက်မှုက ချေဖျက်ထားတယ် မဟုတ်လား။ ကိုယ့်ရဲ့ အအိပ်များ ကြေမွခဲ့ပါပြီကွာ'

အဲသလို အလွမ်းစာတွေ၊ အလွမ်းသီချင်း အပုဒ်ငါးရာစာလောက် သူငယ်ချင်းတွေနဲ့ 'ဟီး' ကြောထရင်း လေးလေးရေးဖူးတာပေါ့။ အဲသလို ရေးထားတဲ့စာကို ပေး။ ပေးပြီးတာနဲ့ တကယ့်ကို လွမ်းရုပ်နဲ့ ကောင်မလေးတိုက်ရှေ့ ဖြတ်လျှောက်တော့တာပဲ။ လွမ်းရုပ်ဆိုတာကတော့ နှာတာရှည်လူမမာ ပစ်စလက်ခတ် ဖြိုင်ပွဲဝင်ဖို့ အလာအအားပြတ်ပြီးလဲနေတုန်း မိုးမိထားတဲ့ပုံမျိုးလို့ ပြောရမှာပေါ့။

ဒီတော့ ငါ့တူမများ သတိထားကြပေရော့။

မကောင်းလည်းကိုယ် ကောင်းလည်းကိုယ်၊ ကိုယ့်ဘဝ တစ်သက်သာ အိမ်ထောင်ဖက်ကို ကိုယ့်ဟာကိုယ် ရွေးမယ်ဆိုရင် လွယ်လွယ်နဲ့ မသနားမိစေနဲ့။

## အချစ်လိုတယ်

လူ့လောကမှာ အချစ်နဲ့ပေါင်မုန့်ဟာ အရေးကြီးဆုံးပဲလို့ ခေါင်းဆောင်ကြီးတစ်ဦးက ပြောခဲ့ဖူးသလိုလို လေးလေးကြားဖူးတယ်။ လေးလေးတို့အတွက်တော့ ပေါင်မုန့်က အရေးမကြီးပါဘူး။ ဆန်စားတဲ့ နိုင်ငံဆိုတော့ ပေါင်မုန့်မရှိလည်း ဖြစ်တယ်လေ။ အဲဒီအဆိုကို 'အချစ်နဲ့ ထမင်း' ဟာလို့ ပြောင်းရလိမ့်မယ် ထင်ပါရဲ့။

အချစ်ဆိုတာ ယောကျ်ားနဲ့မိန်းမ နှစ်ဦးပူးပေါင်းပြီးမှ ဖြစ်လာတာဆိုတော့ ယောကျ်ားတွေအကြောင်း သိဖို့ လိုအပ်သလို အချစ်အကြောင်းလည်း သိဖို့ လိုတယ်နော့။ အချစ်နဲ့ ဆက်စပ်နေတာ




မင်းကို
ယုံမိတာ
မှားကြီး

တွေ၊ အချစ်ရဲ့ အရေးပါအရာရောက်မှုတွေကို စဉ်းစားကြည့်ရအောင်။ လေးလေး စဉ်းစားလို့ရသလောက်ကတော့ လူ့ဘဝမှာ ငွေကြေး အဆောင်အယောင် ဘယ်လောက်ပြည့်စုံပြည့်စုံ အချစ်မရှိရင်ဟာတာ တာကြီး။ လူ့ဘဝရဲ့ အဓိပ္ပာယ် မပြည့်စုံသလိုပဲ။

အချစ်ရေးဟာ စီးပွားရေး၊ လူမှုရေးတွေနဲ့လည်း ဆပ်စပ် နေတယ်။ စီးပွားရေး၊ လူမှုရေး အောင်မြင်နေဖို့အတွက် အိမ်ထောင် ရေး သာယာနေဖို့ လိုတယ်။ အိမ်ထောင်ရေးသာယာနေဖို့အတွက် 'အချစ်' ရှိနေဖို့ လိုတယ်။ ယောကျ်ားများဟာ မိန်းမများအတွက် အဓိကကျသလို မိန်းမများဟာလည်း ယောကျ်ားများအတွက် အဓိက ကျတာပဲ။

သမီးရည်းစားဘဝမှာ အစပျိုးခဲ့တဲ့အချစ်ဟာ အိမ်ထောင်သည် ဘဝရောက်တဲ့အခါ ပိုပြီးလိုအပ်လာတယ်။ အချစ်ဟာ ဆက်လက် ရှင်သန်နေမှ အိမ်ထောင်ရေးသာယာမှာကိုး။ သမီးရည်းစားဘဝမှာ ရှိခဲ့တဲ့ အချစ်ရဲ့သင်္ကေတဖြစ်တဲ့

ကြင်နာမှု

သည်းခံမှု

အလိုလိုက်မှု

ယုယမှုစတဲ့ အပြုအမူလေးတွေဟာ အိမ်ထောင်သည်ဘဝမှာ ခန်းခြောက်ပျောက်ကွယ်သွားမယ်ဆိုရင် အဲဒီ အိမ်ထောင်ရေးဟာ လုံးဝသာယာမှာ မဟုတ်တော့ပါဘူး။ ပြီးတော့ သံယောဇဉ်ဆိုတာ အချစ်ပေါ်မှာတည်နေတာ။ အချစ်ခန်းသွားပြီဆိုရင် သံယောဇဉ် ဆိုတာလည်း လုံးဝရှိတော့မှာ မဟုတ်ဘူး။ အိမ်ထောင်ကျပြီးခါမှ မိန်းမကလည်း နေချင်သလိုနေ၊ ယောကျ်ားကလည်း နေချင်သလို


အိမ်ထောင်ရေး
ရဲ့ အသက်
အိမ်ထောင်ရေးရဲ့ အသက်ဟာ အချစ် ကွယ့်

နေ၊ အဲသလို နေချင်သလိုနေ ဆက်ဆံရေးကျင့်သုံးနေတဲ့ အိမ်ထောင်တွေဟာ အချစ်ခန်းနေလို့ပဲ။

မရခင်မှာပဲဖြစ်ဖြစ် ရပြီးမှပဲဖြစ်ဖြစ် အချစ်ခန်းလာပြီဆိုရင် တစ်ယောက်ကိုတစ်ယောက် ဂရုမစိုက်ကြတော့ပါဘူး။ ကိုယ့်ကို နေချင်သလိုနေခွင့်ပြုလာပြီ ဆိုရင်တော့ အဲဒီငနဲဟာ ကိုယ့်အပေါ် အချစ်ခန်းလာပြီဆိုတာ သိပေတော့။ အချစ်ဟာ သမီးရည်းစားဘဝမှာ သာလိုအပ်တာ မဟုတ်ဘူး။ အိမ်ထောင်သည်ဘဝ ရောက်သွားချိန်မှာလည်း အချစ်လိုတယ်။

## အိမ်ထောင်ရေးရဲ့အသက်

အချစ်ဟာ အိမ်ထောင်ရေးရဲ့ အသက်ပဲ။

အိမ်ထောင်ပြုလိုက်ပြီဆိုတာနဲ့ ကိုယ်ထူထောင်လိုက်တဲ့ အိမ်ထောင်ရေးဟာ အချစ်နဲ့ အစပျိုးထူထောင်တာလား၊ ဒါမှမဟုတ် စီးပွားရေးအရ၊ လူမှုရေးအရ လုပ်ငန်းသဘောပတ်သက်ယှက်နွယ်နေလို့ ထူထောင်လိုက်တဲ့ အိမ်ထောင်လား၊ အဲသလိုမှ မဟုတ်ဘူးဆိုရင် မိဘတို့စောင့်ရှောက်အပ်သော ဝတ္တရားရှိသည်နှင့်အညီ ဆိုပြီး ထူထောင်ပေးလိုက်တဲ့ အိမ်ထောင်လား။

အဲသလို အခြေအနေ အကြောင်းအမျိုးမျိုးကို အကြောင်းပြုပြီး ထူထောင်လိုက်တဲ့ အိမ်ထောင်ရေးမျိုးနဲ့ ရင်ဆိုင်ရပြီဆိုရင်တော့ ငါတူမများအနေနဲ့ မချစ်ဘဲယူခဲ့ရသော်ငြားလည်း ယူပြီးရင်တော့ ချစ်နိုင်အောင် ကြိုးစားကြပေရော့။ နှစ်ဦးနှစ်ဘက် အပြန်အလှန်နားလည်မှုနှင့် အချစ်ကိုထူထောင်ယူကြရမယ်။ အိမ်ထောင်ရေးမှာ

အချစ်မပါလို့ကတော့ အဲဒီအိမ်ထောင်ရေးဟာအချိန်မရွေး ပြိုကွဲနိုင်တယ်။ အချစ်ဟာ အိမ်ထောင်ရေးရဲ့ အသက်ပဲ။

အချစ်နဲ့ပတ်သက်ပြီး လေးလေးငယ်ငယ်က ကူးရေးထားတဲ့ စာစုလေးတစ်ခုကို အမှတ်ရမိတယ်။

အချစ်ဆိုသည်မှာ
တစ်ခါတစ်ရံ၌ သက်ပြင်းချခြင်း
တစ်ခါတစ်ရံ၌ မျက်ရည်ကျခြင်း
တစ်ခါတစ်ရံ၌ အိပ်ရာပေါ်လှဲနေခြင်း

အများဆုံးလိမ်ညာနေရခြင်းများ ပေါင်းစပ်ရှိနေတတ်သေသည် ဆိုတဲ့စာစုပဲ။ အဲဒီအဆိုအမိန့်ဟာ ဘယ်သူ့အဆိုအမိန့်မှန်းတော့ မသိဘူး။

အချစ်ဆိုတာ ကောင်းကျိုးတွေကိုချည်းဖြစ်စေတာ မဟုတ်ဘူး၊ ဆိုးကျိုးတွေကိုလည်း ဖြစ်စေတယ်နော်။ အချစ်နဲ့ ပတ်သတ်ပြီး အပြန်အလှန် အပေးအယူစိတ်သုခနဲ့အတူ စိတ်ဒုက္ခဆိုတာအဆစ်ပါလာတတ်တယ်။ အဲဒါမမျှော်လင့်ဘဲ ပါလာတတ်တယ်။ ကိုယ်ကသာချစ်နေရပြီး ကိုယ့်ကို ပြန်မချစ်ရင်၊ ကိုယ့်အချစ်ကို အသိအမှတ်မပြုရင်၊ ကိုယ်ချစ်မိတဲ့အချစ်ကြောင့် ပြန်ရလာမှာတွေက သက်ပြင်းတွေ၊ မျက်ရည်တွေပဲပေါ့။

ချစ်လို့ယူခဲ့ကြပေမယ့် ယူပြီးခါမှ အချစ်ခန်းလာပြီ ဆိုရင် အချစ်ဟာ မီးပဲ။ မီးဟာအရာဝတ္ထုတွေကို လောင်ကျွမ်းစေနိုင်သလို အချစ်ဟာ စိတ်၊ ခံစားမှု၊ အတွေးအခေါ်တွေကို လောင်ကျွမ်းစေနိုင်တယ်ဆိုတာ သိထား။


ဈေးကွက်

## ဈေးကွက်ဝေစ္စာရေး

အချစ်နဲ့ပတ်သက်ပြီး ခံစားမှုကို ရှေ့တန်းတင်တတ်တဲ့ မိန်းကလေးတွေဟာ အများနဲ့တွေ့တတ်တယ်ကွဲ့။ အချစ်ကပေးမယ့် ဆိုးကျိုးတွေကို ကင်းဝေးချင်ရင်တော့ ခံစားမှုကို ဦးစားမပေးလေနဲ့။ အသိဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်။ မှတ်ထား။

ဘဝအတွက် ရည်ရွယ်ချက်ကြီးကြီးမားမား ရှိတဲ့သူဟာ အသိဉာဏ်ကို ဦးစားပေးလေ့ရှိပြီး ဘဝအတွက် ရည်ရွယ်ချက်ကြီးကြီးမားမား မရှိတဲ့သူများကတော့ ခံစားမှုကို ဦးစားပေးလေ့ရှိကြတယ်ကွဲ့။ ခံစားမှုကိုဦးစားပေးသူနဲ့ အသိဉာဏ်ကို ဦးစားပေးသူ ခွဲခြားတတ်ရမယ်။ ဘဝရှေ့ရေးအတွက် ကြိုတင်တိုင်ပင်ပြင်ဆင်ခြင်း မရှိဘဲ လက်ထပ်ဖို့သာ တွင်တွင်ပူဆာနေပြီဆိုရင်တော့ အဲဒီငတိဟာ ခံစားမှုကို ဦးစားပေးတဲ့သူပဲ။ သူ့မှာ ဘာရည်ရွယ်ချက်မှ မရှိဘူး ဆိုတာ သိထားပေရော့။

အချစ်ဟာ ဘဝအတွက် မရှိမဖြစ်လိုအပ်သလို ဘဝတစ်ခု ထူထောင်မယ့်လူ အတွက်လည်း ရည်ရွယ်ချက်ဟာ မရှိမဖြစ် လိုအပ်တယ်။ ရည်ရွယ်ချက်ဆိုတာ ယောကျ်ားလေးမှ မဟုတ်ဘူး၊ မိန်းကလေးမှာလည်း ရှိရမယ်။ ဘာရည်ရွယ်ချက်မှ မထားဘဲ ဖြစ်ချင်ရာဖြစ် ခပ်ပေါ့ပေါ့နေ၊ ကြုံသလိုဖြေရှင်းမယ်ဆိုရင် အဲဒီ မိန်းကလေးရဲ့သက်တမ်းဟာ တစ်လျှောက်လုံးမှာ ဒုက္ခတွေနဲ့တွေ့ဖို့ အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်ရဖို့ ကိုးဆယ်ရာခိုင်နှုန်း သေချာသွားပြီ။

အိမ်ထောင်တစ်ခု သာယာရေးမှာ အချစ်ဟာ လိုအပ်သလို အဲဒီ အချစ်တည်တံ့ခိုင်မြဲရေးအတွက်ကတော့ စီးပွားရေးပြေလည်ဖို့ဟာ အရေးကြီးတဲ့ကဏ္ဍတစ်ခု ဖြစ်တယ်။ တူနှစ်ကိုယ် တဲအိုပျက်မှာ

နေရ နေရ ဆိုတာ သမီးရည်းစား ကာလမညားခင်မှာ ခံစားမှုက ရှေ့တန်းရောက်နေလို့ 'ထင်' နေကြတာပါ။

ဒီနေ့ခေတ်ကာလဝန်းကျင်ဟာ ပြောင်းလဲနေသလို၊ ဒီနေ့ခေတ်ကာလထဲမှာ ကြီးပြင်းရတဲ့ ယောက်ျားလေးတွေရဲ့ ပြောင်းလဲမှုကိုလည်း ငါ့တူမများ သိထားသင့်တယ်။ ယောက်ျားလေးတွေဟာ 'စီးပွားရေး၊ ကြီးပွားရေး'ရှေ့တန်းတင်ဦးစားပေး စဉ်းစားနေကြပြီ။ တူနှစ်ကိုယ် တဲအိုပျက်မှာနေရနေရဆိုတဲ့ ခံယူချက်မျိုး ယောက်ျားလေးတွေဆီမှာ မရှိသလောက် ရှားနေပြီ။

ယောက်ျားလေးတွေဟာအိမ်ထောင်ရေးမှာကိုပဲ စီးပွားရေးနဲ့ယှဉ်စဉ်းစားနေကြပြီ။ ဒီနေ့သူဌေးဖြစ်နည်းထဲမှာ ချမ်းသာတဲ့ သူဌေးသမီးကို ရအောင်ယူခြင်းဟာလည်း နည်းတစ်နည်းလို့ဆိုထားတာကိုး။ လိုတိုရှင်း ပြောရရင်တော့ ဒီနေ့ယောက်ျားလေးတွေ ကျင့်သုံးနေတာက 'ဈေးကွက် မေတ္တာရေး'ကွဲ့။

## ချစ်တိုင်းမညား ညားတိုင်းမချစ်

ချစ်သူနဲ့ ကွေကွင်းရတဲ့ဒုက္ခထက် မချစ်တဲ့သူနဲ့ အတူနေရတဲ့ ဒုက္ခကပိုကြီးတယ်လို့ လေးလေးတော့ ထင်တာပဲ။ ဒါကြောင့် ချစ်တိုင်းမညားထက် ညားတိုင်းမချစ်က ပိုဆိုးတယ်ကွဲ့။ တစ်ခါတလေမှာ မညားခင်ကချစ်ပြီး ညားပြီးတော့မှ မချစ်ပေမယ့် ကွဲကြသလားဆိုတော့လည်း မကွဲဘူး၊ မချစ်ကြတော့တဲ့အချိန်မှာ သံယောဇဉ်ဖြစ်စရာကလေးတွေက ရနေပြီကိုး။ ငါ့တူမများ ကြားဖူးမှာပေါ့။ မိန်းမကြီးတွေ တစ်ခါ တစ်ခါ ပြောတတ်တဲ့စကားလေ။



'တော့်ယူမိတာ ခုမှ မှားမှန်းသိတယ်'

ဆိုတာလေ။ အဲသလို မှားမှန်းသိတယ်ဆိုတဲ့ အချိန်မှာ ကလေးက ရှစ်ယောက်လောက် ရနေပြီ။ ကဲ.. ဒီတော့ အဲသလို ပြောလေ့ရှိတဲ့စကားကို ခြေရာကောက်ပြီး ယောက်ျားလေးတစ်ယောက်ကို လက်ထပ်ဖို့ မိန်းကလေးတစ်ယောက် ဆုံးဖြတ်လိုက်တဲ့အချိန်ကို ပြန်ပြီး မှန်းဆကြည့်ရအောင်။ တော့်ယူမိတာ ခုမှ မှားမှန်းသိတယ်ဆိုတဲ့ အတွက် လက်ထပ်ဖို့ ဆုံးဖြတ်မိစဉ်က မှားသလား မှန်သလားဆိုတာ မသိသေးဘူးလို့ အဓိပ္ပါယ်ရတာပေါ့။ မိန်းကလေးများဟာ အမှားကို အမှန်ထင်၊ အမှန်ကို အမှားထင်ဖြစ်တဲ့ အချိန်မှာ အိမ်ထောင်ကျတတ်တာပါလားဆိုတာ သတိထားကြပေရော့။ လက်ထပ်ဖို့မဆုံးဖြတ်ခင်မှာ အလေးအနက်စဉ်းစား။

ရပြီးခါမှ တစ်ယောက်ကိုတစ်ယောက် အချစ်ပေါ့သွားပြီဆိုရင် 'မကွဲမပျော်' ဖြစ်တတ်တယ်ကွဲ့။ အိမ်ထောင်ကွဲတာလည်း မဟုတ်ဘူး။ ပေါင်းနေရတာလည်း မပျော်ဘူးဆိုတဲ့ အဖြစ်မျိုးပေါ့။ အဲသလိုအခါမျိုးမှာ ယောက်ျားလုပ်သူဟာ အိမ်မကပ်တော့ဘူး။ အတတ်နိုင်ဆုံး အပြင်ဘဲ ထွက်နေတော့တယ်။ အဲသလို ဖြစ်တတ်တာနဲ့ ပတ်သက်ပြီး ပုံပြင်လေးတစ်ခု ပြောချင်တယ်။

တစ်ခါက အသက်ကိုးဆယ်ကျော် အဘိုးကြီးတစ်ယောက်ဟာ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နေတာ တွေ့ရတာနဲ့ ဆရာဝန်တစ်ယောက်က စိတ်ဝင်စားသွားတယ်။ ဒါလောက်ကျန်းမာရေးကောင်းနေရတာဟာ ဘာဆေးများစားလို့လဲပေါ့။ ပျော်ရွှင်နေတဲ့ အဘိုးကြီးတစ်ယောက်ကို ကြည့်ရတာကိုက စိတ်ချမ်းသာစရာကောင်းနေတာကိုး။ ဒါနဲ့ ဆရာဝန်ကအဘိုးကြီးကို ခေါ်ပြီးမေးသတဲ့။

'ဘ, အသက်ဘယ်လောက်ရှိပြီလဲ'



'ကိုးဆယ်'

'ဟား ကိုးဆယ်သာဆိုတယ် ခြောက်ဆယ်လောက်ပဲ ထင်ရတယ် ၊ ဘ ကြည့်ရတာ သိပ်နုပျိုတာပဲ။ ဘာဆေးတွေစားသလဲဟင်'

'ဘာဆေးမှ မစားပါဘူးကွာ'

'စားရင်စားတယ်ပြောပါ ဘရယ်။ ကျွန်တော်က ဆရာဝန်ပါ။ အဲဒီဆေးကို တခြားလူတွေပေးရအောင်လို့'

'ဘာဆေးမှ မစားပါဘူးကွာ တကယ်ပြောတာပါ'

' ဒါဖြင့် ဘာလို့ ခုလိုနုပျို ကျန်းမာနေရတယ် ဆိုတာ နည်းလေးများရှိရင် ပေးစပ်ပါ ဘရယ်၊ ကျွန်တော်လဲ ကျင့်သုံးချင်လို့ သူများကိုလဲ ကုသိုလ်ဖြစ် ပေးချင်လို့'

' ဘ ဘာလို့ နုပျိုနေရတယ်ဆိုတာ သေသေချာချာတော့ မသိပါဘူးကွာ၊ မင်းက ဖွတ်မေးနေရတော့ ဘရဲ့ အဖြစ်ကိုတော့ ပြောပြမယ်။ ဘရဲ့ အသက် နှစ်ဆယ့်ငါးနှစ်မှာ ဘအိမ်ထောင်ပြုခဲ့တယ်။ အဲဒီအိမ်ထောင်ပြုတဲ့နေ့ကစပြီး ဘရဲ့မိန်းမနဲ့ နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ကြတယ်။ နှစ်ယောက်စလုံး စိတ်မဆောင်းရဲရအောင်ဆိုပါစို့'

'ဘယ်လိုများ ဆုံးဖြတ်ခဲ့တာလဲ'

' ဘ စိတ်ဆိုးရင် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ သူက ဘာမှ မပြောဘူး၊ ငြိမ်နေရမယ်၊ အဲ သူကစိတ်တိုင်းမကျလို့ ဆူဆူပူပူလုပ်ရင်လဲ ဘက ဘာမှပြန်မပြောရဘူး၊ မရိုက်ရဘူး၊ အိမ်ပြင်ထွက်နေရမယ်၊ ရှောင်နေရမယ်၊ အဲသလို ဆုံးဖြတ်ခဲ့ကြတယ်၊ သဘောတူခဲ့ကြတယ်။ ရကတည်းက ဒီနေ့အထိ အဲဒီသဘောတူညီမှုကို လိုက်နာကြတယ်'


မယား
ကြောက်တဲ့
ယောကျ်ားတွေ

'ဘယ်သူက ဘယ်နှစ်ခါလောက် စိတ်ဆိုးပြီးပြီလဲ ဘ'

'ဟား ရကတည်းက သူကချည်းစိတ်ဆိုးနေလို့ ဘမှာ အပြင်ချည်းထွက်နေရတာ ခြောက်ဆယ့်ငါးနှစ်လုံးလုံးပါပဲကွာ၊ စားခါနီးမှ တစ်ခါတစ်လေ အိမ်ပြန်လိုက်တာပဲ၊ ဟီး ဟီး'

လို့ရှင်းပြလိုက်သတဲ့။

ယောက်ျားများ ကိုယ်လိုချင်တဲ့ မိန်းမရပြီးတာနဲ့ မိန်းမနား ကပ်ချင်တဲ့လူက တယ်နည်းသကိုး။ မိန်းမနဲ့ဝေးလေ ပျော်လေပဲ။ ခုလိုတွေရေးပြနေတော့ ယောက်ျားတွေဟာ အိမ်ထောင်ကျပြီးတာနဲ့ မိန်းမတွေကို ပစ်ထားကြတာပဲ။ တာဝန်မဲ့ နေချင်တဲ့ လူတွေပဲလို့ ယောက်ျားအားလုံးကိုတော့ တစ်သမတ်တည်း မထင်လိုက်နဲ့။ ယုယ ကြင်နာတတ်တဲ့ တာဝန်ကျေတဲ့ ယောက်ျားတွေလည်း ရှိပါတယ်။

ခုဟာက ချစ်တိုင်းမညား ညားတိုင်းမချစ်နိုင်ဘူးဆိုတာ သိအောင်လို့ ရေးပြတာပါ။ ကဲ မယားကြောက်တဲ့ ယောက်ျားတွေ အကြောင်းကို တစ်လှည့်ရေးပြဦးမယ်။

## မယားကြောက်တဲ့ ယောက်ျားတွေ

ကိုယ့်မိန်းမကိုကြောက်တဲ့ ယောက်ျားတွေကို လေးလေးတို့ ယောက်ျားချင်း'မ–ယ–က'လို့ ခေါ်တယ်ကွဲ့။ မယားကြောက်ပေါ့ ကွယ်။ ငါ့တူမများအနေနဲ့ မိန်းမကြောက်တဲ့ ယောက်ျားတွေ အကြောင်းလည်း သိထားသင့်တယ်။ ကိုယ်ချစ်တဲ့သူကို ရပြီးတာနဲ့ လုံးဝ ဂရုမစိုက်တော့တဲ့လူ ရှိသလို ချစ်သည် ဖြစ်စေ၊ မချစ်သည် ဖြစ်စေ၊



ရပြီးခါမှ 'ဒီမယ်ကိုအစ္စာ' ဆိုလိုက်တာနဲ့ 'ခင်ဗျာ'ဆို ရှေ့ရောက်လာတဲ့ လူလည်း ရှိတာပါပဲ။ အဲသလိုယောက်ျားမျိုးတွေ အကြောင်းလည်း ငါ့တူမများ သိထားဖို့ လိုတယ်။

မိန်းမကြောက်တဲ့ ယောကျ်ားများကို 'ခင်ဗျားမိန်းမကို ဒီလောက် ကြောက်ရသလား' ဆိုမေးကြည့်။ ဘယ်တော့မျှ ကြောက်တယ်လို့ ဝန်မခံပါဘူး။ 'ဟီးဟီးကြောက်လို့ မဟုတ်ပါဘူးကွ ချစ်လို့' ဆို ပြောကြတာပါပဲ။ ယောက်ျားတွေမိန်းမကြောက်တာနဲ့ ပတ်သက်လို့ ပုံပြင်တစ်ခု ပြောပြချင်တယ်။

ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်မှာ မိန်းမတွေဟာ ယောက်ျားတွေရဲ့အလုပ်မှာ ဝင်ဝင်ပြီးစွက်ဖက်နေသတဲ့။ စီးပွားရေး ကိစ္စမှာပဲ ဖြစ်ဖြစ်၊ လူမှုရေးကိစ္စမှာပဲ ဖြစ်ဖြစ် မိန်းမတွေ ဆုံးဖြတ်မှ ပြီးကြရသတဲ့။

ယောကျ်ားတွေဟာ တစ်ခုခုလုပ်တော့မယ်ဆိုတာနဲ့ 'ငါ ငါ့ မိန်းမတိုင်ပင်လိုက်ဦးမယ်' 'ငါ့မိန်းမဆီ ခွင့်တောင်းလိုက်ဦးမယ်' ဆိုတဲ့ စကားတွေဟာ ပြောရိုးပြောစဉ်လိုကို ဖြစ်နေသတဲ့။ အဲဒီလို ဖြစ်နေတာတွေကို ရှင်ဘုရင်ကြီးကသိပ်မကျေနပ်ချင်ဘူး။ ဒါကြောင့် တစ်ရက်မှာတော့ ညီလာခံမှာ မေးတယ်။

'ဟဲ့ ဝန်ကြီးများ'

'ဘုရား'

'ငါ့တိုင်းပြည်မှာ မိန်းမမကြောက်တဲ့သူများ ရှိသေးရဲ့လား'

အဲသလိုမေးတော့ ဝန်ကြီးတွေ ဆိတ်ဆိတ်နေကြသတဲ့။ ဘယ်သူမျှ မဖြေဘူး။ အတော်ကြာမှ ဝန်ကြီးတစ်ပါးက

'အရှင်ဘုရား တိတိကျကျ သိလိုတော်မူပါက ကျွန်တော်မျိုးကြီး စီစဉ်ပေးပါ့မယ် ဘုရား'

'ဘယ်လိုများ စီစဉ်မှာတုံး၊ ဝန်မင်းရဲ့ အစီအမံကို လျှောက်တင်စမ်းပါဦး'

'မှန်လှပါ၊ ကျွန်တော်မျိုးကြီး မဏ္ဍပ်အဖြူတစ်ခုနဲ့ မဏ္ဍပ်အနီတစ်ခုဆောက်ပါ့မယ်ဘုရား၊ ဆောက်ပြီးတာနဲ့ မောင်းကြေးနင်းခတ်လို့ မိန်းမမကြောက်သူများ မဏ္ဍပ်အဖြူထဲ ဝင်ရမယ်။ မိန်းမကြောက်တဲ့သူများကတော့ မဏ္ဍပ်အနီထဲဝင်ရမယ်လို့ အမိန့်တော်ပြန်ပါ့မယ်။ အဲဒီအခါမှာ မဏ္ဍပ်ဖြူ ထဲဝင်လာတဲ့ မိန်းမ မကြောက်သူများကို အရှင်မင်းကြီး မျက်ဝါးထင်ထင် တွေ့မြင်ရပါလိမ့်မယ် ဘုရား'

လို့ လျှောက်ထားလိုက်သတဲ့။ ဘုရင်မင်းမြတ်လဲ ဝန်ကြီးရဲ့အစီအမံကို သဘောကျတာနဲ့ ကောင်းပြီဝန်မင်း၊ ခုချက်ချင်း စီစဉ်လော့လို့ ခွင့်ပြုလိုက်တာပေါ့။ ဒါနဲ့ဝန်ကြီးဟာ နန်းဆောင်ကလှမ်းကြည့်ရင် မြင်သာတဲ့နေရာမှာ မဏ္ဍပ်အဖြူတစ်ဆောင်နဲ့အနီတစ်ဆောင်ကို ထိုးလို့ မိန်းမမကြောက်သူများ မဏ္ဍပ်အဖြူမှာ လာစုရမယ်၊ မိန်းမ ကြောက်သူများကတော့ မဏ္ဍပ်အနီထဲမှာ လာခိုရမယ်လို့ ကြေညာမောင်းခတ်လိုက်သတဲ့။

အဲသလို ကြေညာမောင်းခတ်သံကြားရင်ပဲ ယောကျ်ားတွေက တစ်ဖွဲ့ဖွဲ့နဲ့ ရောက်လာကြတယ်။ ဘုရင်ကြီးကလည်း စောင့်ကြည့်နေတာပေါ့။ မဏ္ဍပ်ဖြူထဲများ ဘယ်သူတွေ ဝင်လေမလဲလို့၊ လာသမျှယောကျ်ားတွေဟာ မဏ္ဍပ်အနီထဲချည်း ဝင်ဝင်သွားကြသတဲ့။ အတော်ကြာမှ ရားရားပါးပါး ယောကျ်ားတစ်ယောက်ဟာ မဏ္ဍပ်ဖြူထဲမှာ ဝင်ပြီး ကုပ်ချောင်းချောင်းနဲ့ရပ်နေသတဲ့။ အဲသလို ဝင်ရပ်တာလဲ မြင်ရောဘုရင်ကြီးက မိန်းမမကြောက်တဲ့ယောကျ်ားတစ်ယောက်တော့ တွေ့ပြီဟဆိုပြီး ဝမ်းသာအားရနဲ့

'အို ဝန်မင်း၊ ဟိုမယ် မိန်းမ မကြောက်တဲ့ ယောကျ်ား

တစ်ယောက်တော့ တွေ့ပါပေါ့လား၊ ရှေ့တော်သွင်းစမ်း၊ ဆုတော်လာဘ်တော်များ ပေးရအောင်'

ဆိုပြီး မင်းမြတ်ကရှေ့တော်သွင်းဖို့ မိန့်လိုက်သတဲ့။ ဒီအခါ ဝန်ကြီးများကလည်း မဏ္ဍပ်အဖြူထဲကလူကို ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်ခေါ်သွင်းလာရတာပေါ့။ ရှေ့တော်မှောက် ရောက်တဲ့အခါ

'မောင်မင်း'

'ဘုရား'

'မောင်မင်းကတော့ မိန်းမ မကြောက်ဘူးပေါ့၊ ဟုတ်စ'

'ကြောက်ပါတယ် ဘုရား'

'ဟဲ့ ကြောက်တယ်ဆို ဘာလို့ မဏ္ဍပ်အနီထဲ မသွားဘဲ မဏ္ဍပ်အဖြူထဲဝင်ရပ်နေရတာလဲ။ငါကိုယ်တော်မြတ် အမိန့်တော်ထုတ်ထားတာ မသိဘူးလား'

'မှန်လှပါဘုရား၊ ကျွန်တော်မျိုး သိပါတယ်၊ အပြစ်ပေးလျှင်လဲ ခံရပါမည်၊ ကျွန်တော်မျိုး မှန်ရာကို သံတော်ဦးတင်ပါမည်၊ အရှင်မင်းကြီးက မိန်းမကြောက်သူများ မဏ္ဍပ်အနီအတွင်း ဝင်ရမည်ဟု အမိန့်တော်မှတ်ထားသော်လည်း ကျွန်တော်မျိုးမိန်းမက လူရှုပ်သည့်နေရာမနေရဘူးဟု မှာလိုက်သောကြောင့် လူရှင်းသည့် မဏ္ဍပ်ဖြူတွင်း ဝင်ရကြောင်းပါ ဘုရား'

လို့ လျှောက်လိုက်သတဲ့။

ပုံပြင်ကတော့ အဲဒါပါပဲ။ ယောက်ျားများ မိန်းမကြောက်ပြီဆိုတော့လည်း ဘုရင့်အမိန့်တော်တောင်ဖီဆန်ပြီး ကြောက်ကြတာ။ မယားကြောက်သူများနဲ့ပတ်သက်တဲ့ စာချိုးတွေတောင် ရှိသေးတယ်။

'မိန်းမရှိမို့ သွားမကျိုး၊
မိန်းမရှိသေ အသက်ရှည်'

သတဲ့။ ယောကျ်ားတွေ မိန်းမကြောက်တာက ချစ်ကြောက်ကွဲ့။ ဒါကြောင့် ချစ်လို့ဆို ဆင်ခြေပေးကြတာပေါ့။ ကြောက်တာက နှစ်မျိုးရှိတယ်လေ။ ချစ်ကြောက်ရယ်၊ ရွံ့ကြောက်ရယ်။ မြွေတို့၊ ကြွက်တို့၊ ဖားတို့၊ ဖွတ်တို့ကို ကိုင်ရမှာ ကြောက်တာက ရွံ့ကြောက်။ ရွံ့ကြောက်က လုံးဝကို မထိမတို့ချင်တဲ့ အကြောက်။ ချစ်ကြောက်နဲ့ ဆန့်ကျင်ဘက်ပဲ။ ချစ်ကြောက်က ကြောက်ပေမယ့် အမြဲထိတွေ့နေချင်တဲ့ အကြောက်။ ချစ်ကြောက်သမားများက ကြောက်ရတာကို ပီတိ ဖြစ်နေတာ။

မယားကြောက်သူ အတော်များများရဲ့ ထူးခြားမှုကတော့ မျက်ရည်လွယ်တာပဲ။ ချစ်သူဘဝမှာ ချိန်းတွေ့လို့ အဆင်မပြေမှု တစ်ခုခုတွေ့တိုင်း သူကချည်း ဦးအောင်ငိုနေပြီဆိုရင် သေချာပြီ၊ အဲဒီကောင် ကိုယ်နဲ့ရလို့ကတော့ 'မ.ယ.က' ဖြစ်မှာပဲ။

ငါ့တူမများသတိထားဖို့ရာက ကိုယ့်ကိုကြောက်တဲ့ ယောကျ်ားယူမယ်ဆိုရင် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး မှာကိုယ်က ဦးဆောင်နိုင်တဲ့ အရည်အချင်းရှိမှ ဖြစ်မယ်။ မိန်းမကစီမံခန့်ခွဲနိုင်စွမ်းရှိမှ ဖြစ်မယ်။ ဘာလို့လဲဆိုတော့ သူကကိုယ်ခိုင်းတာလောက်ပဲ လုပ်မှာကိုး။ ကိုယ်ကလည်း ဦးမဆောင်နိုင်၊ သူကလည်းဦးမဆောင်တတ်ဖြစ်နေရင် အဲဒီအိမ်ထောင်ဟာ ဘယ်လိုမှ သာယာစိုပြည်မှု ရှိမှာ မဟုတ်ဘူး။ တိုးတက်မှာ မဟုတ်ဘူး။ အဲသလိုစုံတွဲက ပေါက်ဖွားမယ့် သားသမီးတွေဟာလည်း ကိုယ်ရည်ကိုယ်သွေးညံ့တဲ့ အူတူတူ အတတ သားသမီးအစွမ်းအစမရှိတဲ့ သားသမီးလေးတွေ များလာတာပဲ အဖတ်တင်တယ်။ ဒီတော့ ငါ့တူများ စဉ်းစား။

မယားကြောက်တဲ့ယောကျ်ားမျိုးကို အိမ်ထောင်ဖက်အဖြစ်

ရွေးမယ်ဆိုရင် ကိုယ်ထူထောင်မယ့်အိမ်ထောင်မှာ ကိုယ်ကဦးဆောင်နိုင်တဲ့ အင်အားရှိရဲ့လားလို့။

ယောကျ်ားကို နိုင်ရတယ်ဆိုတာ ဂုဏ်ယူစရာလို့ ထင်နေရင် အဲဒီဂုဏ်ကိုရဖို့ အိမ်ထောင်ရေးတာဝန်အားလုံး ကိုယ်ကယူရလိမ့်မယ်နော။ လေးလေးရဲ့အယူအဆကို ပြောရရင်တော့ ဘယ်သူ့ကို ဘယ်သူကမှ နိုင်ဖို့မလိုပါဘူး။ ဆိုတူကောင်းဘက်တဝကို ထူထောင်ဖို့ စိတ်တူကိုယ်တူ တိုင်ပင်ရန်းကန်ဖို့ပဲ လိုတယ်လို့မြင်တယ်။

အိမ်ထောင်ပြုတာပဲဟာ၊ အားကစားလုပ်တာလည်း မဟုတ်၊ လောင်းကစားလုပ်တာလည်း မဟုတ်။ ပြီးတော့ ချစ်လို့ယူခဲ့ကြတာ။ ရန်သူတွေလည်း မဟုတ်။ တစ်ယောက်ကို တစ်ယောက်ကြောက်ဖို့လည်း မလိုဘူး။ နိုင်ဖို့လည်း မလိုဘူး။ ချစ်ဖို့ပဲလိုတယ်လေ နော့။

## သူဌေးသားများ ရည်းစားထားတော့

မိန်းကလေးများ သူဌေးသားဆို အလွန်ကြိုက်ချင်ကြတာ။ ဟုတ်တယ်နော်။ ကိုယ့်နားဆိုက်ကယ်လေးနဲ့လာဝိုက်၊ ကားလေးနဲ့ လာဝိုက်လို့ကတော့ သူကချစ်ရေးမဆိုခင် ကိုယ်က အဖြေပေးဖို့ ပြင်နေပြီ။ ဒါ အများဆုံးဖြစ်တတ်တဲ့ သဘော။

စဉ်းစားနော်၊ သေသေချာချာ စဉ်းစား။

သူဌေးသားကို ရည်းစားထားမယ်ဆိုရင် ကိုယ့်ကိုယ်ကို ပထမ မေးကြည့်ပါ။ ငါကရော သူဌေးသမီးလားလို့။ အဲ ကိုယ်က မပြည့်မစုံ ချို့ချို့တဲ့တဲ့နဲ့ သူဌေးသားကို ရည်းစားထားမယ်ဆိုလို့ ကတော့



(၁) ရည်းစားပစ်ဘ၀ရောက်ဖို့ သုံးဆယ်ရာနှုန်း
(၂) တစ်ခုလပ်ဘ၀ရောက်ဖို့က သုံးဆယ်ရာနှုန်း
(၃) သူဌေးချွေးမ အမည်ခံ အိမ်ဖော်ဘ၀ ရောက်ဖို့က သုံးဆယ်ရာနှုန်း
(၄) ယုယကြင်နာစွာပေါင်းသင်းခံရတဲ့မယားဘ၀ရောက်ဖို့က ဆယ်ရာနှုန်းပဲ

ရှိတယ်ဆိုတာ ပထမ သိထားဖို့လိုတယ်ကွဲ့။ နောက်ပြီး သူဌေးသားဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်လည်း မေ့မထားသင့်ဘူး။ ရှင်းရှင်းလေးပဲ။ သူဌေးသားဆိုတာ သူဌေးမှမဟုတ်ဘဲ။ သူဌေးရဲ့ သားပဲ။ သူ့မိဘက ကိုယ့်နဲ့ယှဉ်တာ သဘောမတူလို့ ခါထုတ်ရင် မိနစ်ပိုင်းအတွင်း လမ်းပေါ်ရောက်သွားမယ်။ နာရီပိုင်းလောက်ဆို မြောင်းထဲထိ ရောက်သွားမယ်။ သူစံစားနေတဲ့ စည်းစိမ်တွေဆိုတာ သူပိုင်တွေမှ မဟုတ်တဲ။ သူ့မိဘပစ္စည်းတွေပဲ။

သူ့ဘ၀ သူ့ဟာသူ ထူထောင်၊ ကိုယ်ပိုင် စီးပွား၊ ကိုယ်ပိုင် ဥစ္စာနဲ့ အခြေကျနေတဲ့သူဌေးပေါက်စကို ရည်းစားထားရင်တော့ တော်သေးတာပေါ့။

သူဌေးသားဆိုတာ မိန်းကလေးအတော်များများရဲ့ အကြိုက်ခံရသူတွေဆိုတော့ သူတို့ဟာအချိန်မရွေး တစ်ယောက်ကို ရိုးသွားတာနဲ့ နောက်တစ်ယောက်ဆီကိုကူးသွားဖို့ အဆင်သင့်ဖြစ်နေတယ်။ ဒါကြောင့် ရည်းစားပစ်ဘ၀ရောက်ဖို့ သုံးဆယ်ရာနှုန်းလို့ လေးလေးက ပြောတာပါ။ သူတို့ဟာ အခွင့်အရေး ပိုပေးတဲ့နားကပ်မှာသေချာ တယ်။ ကိုယ့်ပစ်မသွားအောင်ဆို အလိုလိုက်မိပြန်တော့လည်း ကိုယ်ကိုးနည်းတတ်တယ်။

ကိုယ်က အလိုလိုက်လို့ သူကလည်း မရှောင်ပြေးသာလို့


ချို့သား မိန်းမယူ ချင်ပြီ
မော်ဖော်ပေါ် ဦးဆို မလိုတော့ဘူး

ယူလိုက်ရပြီဆိုရင်လည်း သူ့မိဘက စွန့်ပစ်တာတို့၊ နောက်မှ ပေးစားပါ့မယ်ဆို ပြန်ခွဲတာတို့၊ စကတည်းက လျော်ကြေးပေးပြီး ဇာတ်သိမ်းခိုင်းတာတို့ မလွဲမရှောင်သာ ရင်ဆိုင်ရလိမ့်မယ်။ အဲဒါဆို တစ်ခုလပ်ဘဝ ရောက်ရပြီပေါ့။

အခြေအနေဝန်းကျင်အနေအထား အကြောင်းအမျိုးမျိုးကြောင့် အဲသလိုပါပဲ ခွဲလို့မရတဲ့အတွက် လက်ခံရပြီဆိုရင်လည်း မကြည်မဖြူနဲ့ လက်ခံရတာမို့ သူ့အိမ်မှာ အိုးခွက်ဆေး၊ ကြမ်းတိုက်၊ တစ်အိမ်လုံး အဝတ်လျှော်၊ မီးပူတိုက်၊ မနက်အိပ်ရာထ ညအိပ်ရာဝင်ထိ မနားတမ်း ခိုင်းတော့မှာပဲ။ စိတ်ချ။ သူဌေး ချွေးမ အမည်ခံ အိမ်ဖော်ဘဝ ရောက်ပြီသာ မှတ်ပေရော့။

အလွန့်အလွန် ကုသိုလ်ကံကောင်းပါမှ

စာနာထောက်ထားတတ်တဲ့ သူဌေးနဲ့ တွေ့ပါမှ

သူဌေးသားကို ယူပြီး ကြင်နာယုယခြင်းခံရတဲ့ ဇနီးမယား အဖြစ်နေနိုင်ဖို့က ဆယ်ရာနှုန်းလောက်ပဲ မျှော်လင့်ချက်ရှိပါတယ်။

အဲ

အသိဉာဏ်နည်းတဲ့

ပညာမတတ်တဲ့သူဌေးသားကို ယူလိုက်မိလို့ကတော့ ငါးပါး မဟုတ်ဘူး။ အပါးတစ်ရာလောက်မှောက်ပြီလို့ သဘောထားလိုက်ပေ တော့။ ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည် ဖြစ်စေ အသိဉာဏ်နည်းတဲ့ ယောကျ်ားဟာ သူစိတ်ချမ်းသာမှုတစ်ခုတည်းကိုသာ ဦးစားပေး ကြည့်တတ်တယ်။ အသိဉာဏ်နည်းတဲ့ ယောကျ်ားလောက ကထွက် လာတဲ့စကားတွေ ကြားဖူးမှာပေါ့။

'နွားနဲ့ မယား သနားနဲ့' ဆိုတဲ့စကားတို့



'အရိုးကွဲအောင် ရိုက်မှ အသည်းစွဲအောင် ချစ်တာ' ဆိုတဲ့ စကားတို့။

မိန်းကလေးတစ်ယောက်အနေနဲ့ 'သူဌေးသား' ဆိုတဲ့ဂုဏ်ပုဒ်ဟာ မက်လောက်စရာမဟုတ်ဘူးဆိုတာ အလေးအနက် သိထားဖို့လိုပါတယ်။ သူဌေးသားဆိုတာ သူကိုယ်တိုင်သူဌေးမဟုတ်ဘူးဆိုတာ မမေ့ပါနဲ့။

သူဌေးသားများ ရည်းစားထားမယ်ဆိုရင်

ခု လေးလေး ပြောပြသလောက်ကလေးနဲ့ပဲ ထားသင့်မထားသင့် သူ့မိဘရဲ့အသိဉာဏ်၊ လူမှုရေးတွေပါ လေ့လာသင့်တယ်ဆိုတာ ငါ့တူမများ မှတ်ထားကြပေရော့။

## ကြီးရင်မို့ ငယ်ရင်ချို

လေးလေးတို့ မြန်မာမှာ အိမ်ထောင်ရေးနဲ့ ပတ်သတ်လို့ ပြည့်စုံတဲ့အစဉ်အလာ အလေ့အထ အဆိုအမိန့်တွေရှိပြီးသားကွဲ့။ ကိုယ့်လူမျိုး ကိုယ့်စရိုက်နဲ့ အံ့ဝင်ခွင်ကျဖြစ်ဖို့ အမှားအယွင်းကင်းဖို့ ပြောဆိုထားခဲ့တဲ့ အဆိုအမိန့်တွေကို ငါ့တူမများ သိထားသင့်တယ်။

အလွန်ကျယ်ဝန်းတဲ့ အကြောင်းအရာကို တို့များ တစ်ဆင့်ချင်းလေ့လာကြည့်ကြတာပေါ့။ ကဲ 'အရွယ်ကိစ္စ' ကိုစပြီး ဆွေးနွေးကြရအောင်။ မိန်းကလေးများအတွက်ပြောထားခဲ့တဲ့ ရှေးစကားရှိတယ်။ အဲဒါကတော့

ကြီးရင်မို့

ငယ်ရင်ချို



ဆိုတဲ့စကားပဲ။ ကိုယ့်ထက်အသက်ကြီးတဲ့သူယူတော့ မှီခိုအားထားရသတဲ့။ ကိုယ့်ထက်အသက်ငယ်လူကိုယူရင် ကိုယ်က ချီနေရမယ်တဲ့။ သူကကိုယ့်ကိုမှီခိုအားထားနေမယ်ဆိုတဲ့ သဘောပေါ့။ ဒါက မိန်းကလေးတွေအတွက် ပြောထားတာ။ ဒီတော့ ဆက်စဉ်းစားရမှာက ကြီးတဲ့ယောကျ်ားယူရမယ်ဆိုတာတော့ ဟုတ်ပါပြီ။ ကိုယ့်ထက်အသက်ဘယ်လောက်ကြီးတဲ့ ယောကျ်ားကိုယူရမလဲလို့ မေးစရာဖြစ်လာတယ်။ အဲဒီ အသက်အရွယ် ပိုင်းခြားမှုအတွက်ကိုတော့ မိန်းကလေးများ သိထားဖို့ ဆိုမိန့်ထားတာ မရှိဘူး။ မရှိရတဲ့အကြောင်းရင်းက အိမ်ထောင်ရေးကိစ္စမှာ ယောကျ်ားလေးကစတင်မှာဖြစ်ပြီး မိန်းကလေးကကိုယ်နှစ်သက်လာရင်လက်ခံဖို့ စောင့်စားရွေးချယ်ရမှာကိုး။ ဒီတော့ မိန်းကလေးက စတင်တဲ့ အလေ့မရှိတဲ့အတွက် အသက်အရွယ်ကို ရွေးဖို့ စာဆိုကို ယောကျ်ားလေးအတွက် ရှေးလူကြီးများက ထားခဲ့ကြတယ်။ အဲဒီ စာချိုးကတော့

'ဟဲ့ မိန်းမယူမယ်ဆိုရင် ခွေးချီးလေးတိုးနည်းနဲ့ယူ' တဲ့။

လေးလေးတို့ ငယ်ငယ်က လူကြီးများပြောဖူးတဲ့စကား။ ခွေးချီးလေးတိုးနည်း ဆိုတာကတော့ ယောကျ်ားလေးက အသက်သုံးဆယ်ဆိုရင် သူရွေးချယ်ရမယ့်မိန်းကလေးရဲ့အသက်က ခွေးချီးဆိုတဲ့အတွက် ယောကျ်ားလေး အသက်သုံးဆယ်ကို နှစ်ပိုင်းပိုင်း ဆယ့်ငါး။ အဲဒီဆယ့်ငါးကို လေးတိုး၊ ဆယ့်ကိုးနှစ်ပေါ့။ အဲဒါ အသက်သုံးဆယ်ရွယ် ယောကျ်ားလေးယူသင့်တဲ့ မိန်းကလေးရဲ့အသက်ပဲ။

ယောကျ်ားလေးက အသက် နှစ်ဆယ့်ရှစ်နှစ်ဆိုရင် အဲဒါကို ထက်ဝက်ပိုင်းတော့ ဆယ့်လေး၊ ဆယ့်လေးကိုလေးတိုးတော့ ၁၈ နှစ်၊ အဲဒီဆယ့်ရှစ်နှစ်ဟာ အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ် ယောကျ်ားလေး ယူသင့်တဲ့ အသက်အရွယ်ပဲ။


ဘာလုပ်စားရမှန်းမသိ
သေးဘူးဆိုတော့

အသက်ငါးဆယ်ရွယ်လူကြီးတစ်ယောက်က အိမ်ထောင်ပြုတော့မယ်ဆိုရင် ငါးဆယ်ရဲ့တစ်ဝက်နှစ်ဆယ့်ငါးကို လေးပေါင်း။ ၂၉နှစ်ပေါ့။ အဲဒီထက်အသက်ငယ်တဲ့ မိန်းကလေးကို အိမ်ထောင်ပြုမယ်ဆိုရင်တော့ 'နွားအိုမြက်နုကြိုက်' လို့ ပြောတော့တာပဲ။ ယောကျ်ားလေးနဲ့ မိန်းကလေးရဲ့အသက်ကွာခြားမှုကို ဆုံးဖြတ်ပေးထားတဲ့ ယှဉ်သင့်တဲ့အရွယ် အပိုင်းအခြား 'ဒွေးချိုးလေးတိုး' နည်းကို သေသေချာချာလေ့လာကြည့်ရင် ဘဝ တစ်လျှောက်လုံးအတွက် အဆင်ပြေအောင် သတ်မှတ်ပေးထားတယ်ဆိုတာ တွေ့ရမှာပဲ။

လေးလေးတို့ မြန်မာမှာ မိန်းကလေး တစ်ယောက်ရဲ့ အိမ်ထောင်ပြုသင့်တဲ့အရွယ်ကို ၁၈နှစ်ပြည့်မှ အိမ်ထောင်ပြုသင့်တဲ့ အရွယ်ရောက်တယ်လို့ သတ်မှတ်ထားတယ်နော်။ အဲဒီ အိမ်ထောင်ပြုသင့်တဲ့အရွယ်ဆိုတာက အပျိုဖြစ်တဲ့ အရွယ်နဲ့ မဆိုင်ဘူးကွဲ့။ အပျိုဖြစ်တာကတော့ သူ့သွေးသားကျန်းမာရေး အရ ၁၄ နှစ်နဲ့ အပျိုဖြစ်ချင် ဖြစ်မယ်။ ၁၆နှစ်မှာ အပျိုဖြစ်ချင်လည်း ဖြစ်မယ်။ အဲ ၁၂ နှစ်မှာ အပျိုဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ။ အဲဒါက တစ်ကဏ္ဍ။ အသက် ၁၈ နှစ်မှာမှ အိမ်ထောင်ပြုဖို့ အရွယ်ရောက်တယ်လို့ သတ်မှတ်ရတာက ဘဝအတွေ့အကြုံအရ စဉ်းစားဆင်ခြင်နိုင်စပြုတဲ့ အရွယ်ဖြစ်မှ အိမ်ထောင်ပြုသင့်တယ်လို့ သတ်မှတ်ပေးထားတာပဲ။ ၁၈ နှစ်ထက် ငယ်သေးတဲ့အရွယ်မှာ စဉ်းစားဆင်ခြင်မှုမပါဘဲ ရူးရူးမိုက်မိုက်ဆုံးဖြတ်တာ၊ ယောကျ်ားလေးပြောသမျှအဟုတ်မှတ် လက်ခံတို့ ဖြစ်နိုင်တာကိုး။ ၁၈ နှစ်ဆိုတော့ အထိုက်အလျောက် စဉ်းစားနိုင်ပြီ။

အဲသလို ၁၈ နှစ်ပြည့်ပြီးတဲ့ မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုတော့မယ်ဆိုရင် ယောကျ်ားလေးက အသက် ၂၈နှစ်



ရှိသင့်တယ်ဆိုတဲ့ စကားကို ဆက်စဉ်းစားကြည့်။ အသက် ၂၈ နှစ်ဆိုတာ ပညာစုံလို့ စီးပွားရေးလောကထဲ ဝင်နေပြီဖြစ်တဲ့ အရွယ်ပဲ။ အဲဒီအရွယ်ရောက်လို့မှ စီးပွားရေးအနည်းမတိုင်သေးဘဲ မရေမရာနဲ့ ယောင်ချာချာဖြစ်နေမယ်ဆိုရင် လက်ထပ်ဖို့ သင့်မသင့် ဆုံးဖြတ်ဖို့ လွယ်သွားပြီလေ။ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာဆိုတဲ့စကားအရ အိမ်ထောင်ပြုရမယ့် အရွယ်ကို ဒုတိယအရွယ် သတ်မှတ်ပေးထားတာပေါ့။

မိန်းကလေးကလည်း စဉ်းစားဆင်ခြင်နိုင်တဲ့အရွယ်၊ ယောကျ်ားလေးကလည်း စီးပွားရှာနိုင်တဲ့အရွယ်ကို အိမ်ထောင်ပြုသင့်တဲ့အရွယ်လို့ သတ်မှတ်ပေးထားတာ ဘေးဖယ်ပြီး ၁၆ နှစ် ၁၇ နှစ်နဲ့ ခိုးရာလိုက်၊ ရုံးတက်လက်မှတ်ထိုးတော့ ကျွန်မအသက် ၁၈ နှစ် ပြည့်ပါပြီဆိုပြီးလိမ်။ အဲသလို သက်တူရွယ်တူ ငယ်ငယ်လေးတွေနဲ့ယူကြတော့ ဘာဖြစ်သလဲဆိုတော့ နှစ်ဘက်မိဘများရဲ့အိမ် တစ်လှည့်စီကပ်စားရတာပေါ့။

အဲသလို ကပ်စားဖို့ရာမလွယ်တဲ့သူများမှာတော့ ယောကျ်ားအယူကောင်းလို့ ဈေးဗန်းခေါင်းပေါ်ရွက်ရတဲ့ကိန်းဆိုက်ရော။ အမယ် ဒါကိုပဲ ကျေနပ်နေကြသေးတာ။ မောင်တစ်ထမ်းမယ်တစ်ရွက်တဲ့လေ။ အဲဒါက ရခါစကိုး။ အိမ်ထောင်သက်ကြာလာတော့ မောင်ကမထမ်းတော့ဘူး၊ မယ်ပဲရွက်ရတော့တယ်။ တစ်သက်လုံး ဈေးရောင်းကျွေးပေရော့။

တစ်ချို့ယောကျ်ားလေးများကတော့ အစကတည်းက ဈေးရောင်းတတ်တာ ရှာယူကြတယ်။ သူဌေးသမီးကိုမရရင် ယောကျ်ားလေးတွေရဲ့ ဒုတိယပစ်မှတ်က ဈေးသည်ပဲ။

ထားပါတော့လေ။



လေးလေးအမိကပြောချင်တာက အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး အိမ်ထောင်ဖက်ရွေးချယ်ရာမှာ

ကြီးရင်မှိ ငယ်ရင်ချီဆိုတဲ့ စကားရှိထားလေတော့ အဲဒီစကားရဲ့ အဓိပ္ပါယ်၊ ရည်ရွယ်ချက်တွေကို ပြောပြတာပါ။ ငါ့တူမများအတွက် အထောက်အကူပြုရတာပေါ့။

## ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်

အချစ်ရေး၊ အိမ်ထောင်ရေးကို အခြေပြုပြီး ယောကျာ်းလေးတွေနဲ့ယှက်နွယ်နေတဲ့ စကားပုံတွေ၊ အဆိုအမိန့်တွေ အများကြီးရှိပါတယ်။ အဲဒီအများကြီးထဲမယ် ထူးထူးခြားခြားတိုက်ဆိုင်နေတဲ့ စကားပုံနှစ်ခု ရှိတယ်ကွဲ့။ အဲဒါကတော့

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ စကားပုံနဲ့

ယောကျာ်းကောင်း မောင်းမတစ်ထောင်ဆိုတဲ့ စကားပုံပဲ။

အရေအတွက်တူပြီး ဆန့်ကျင်ဘက်အဓိပ္ပါယ် ဖော်ဆောင်နေတဲ့ စကားပုံနှစ်ခုပေါ့။ ရှေးလူကြီးများဟာ အကြောင်းမဲ့သက်သက်တော့ ဒီစကားတွေ ထားခဲ့ကြတာမဟုတ်ဘူး။ သူတို့မှာ ရည်ရွယ်ချက်ရှိရမယ်လေ။ ဘာကြောင့်အဲသလို ပြောခဲ့သလဲလို့ လေးလေးစဉ်းစားကြည့်တယ်။

လေးလေးတို့မြန်မာမှာ တစ်လင်တစ်မယားစနစ်နဲ့အိုအောင်မင်းအောင် ပေါင်းသင်းနေထိုင်သွားနိုင်တာက ဂုဏ်တစ်ခုပါ။ အထူးသဖြင့် မိန်းကလေးများ အိမ်ထောင်ဆက်များတာကို ဝန်းကျင်အသိုင်းအဝိုင်းက လက်မခံနိုင်ပါဘူး။ ဒါကြောင့် ကဲ့ရဲ့ခဲ့တဲ့ဆိုရိုးစကားထဲမယ်


မန္တပါရှုးကွာ
သုံးဆင်ပြောင်း
တော မဖြိုးဘူး..တဲ့

'သုံးလင်ပြောင်းသောမယား' ဆိုတာပါတယ်။ မကောင်းဘူးပေါ့။ ဒါကြောင့်လည်း တစ်ချို့မိန်းမကြီးတွေက ပြောကြတာ။ ကောင်းမလား တော်မထားလို့ယူမိတဲ့ယောကျ်ား ဆိုးပေတေနေရင် မိန်းမလုပ်စာထိုင်စားပြီး အရက်ဖိုးတောင်း၊ မူး၊ ပြန်လာရင်ပါးနားတွေ ပိတ်ရိုက် လုပ်နေရင် အဲဒီမိန်းမအစား ဘေးလူတွေက မခံနိုင်လို့

'မထူးပါဘူးတော်၊ ကွာသာ ကွာပစ်လိုက်ပါတော့။ တော့်ယောကျ်ားက အားမကိုးရတဲ့အပြင် လုပ်ကျွေးရ၊ အနှိပ်စက်ခံရနဲ့'

ဆိုပြီးပြောတဲ့အခါ ပြန်ပြောကြတဲ့စကား ရှိတယ်လေ။

'ကောင်းတော့မကောင်းဘူးပေါ့တော်၊ ဒါပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ၊ တည်မိတဲ့ဘုရား လင်းတနားနား ကိုးကွယ်ရတော့မှာပေါ့'

လို့ပြောကြတာ။ ယောကျ်ားယူရတာ သိပ်အရေးကြီးတယ်။

'အိမ်ထောင်မှု ဘုရားတည်

ဆေးမင်ရည်စုတ်ထိုး

နောင်ပြန်ရန် ခက်သည့်အမျိုး'

ဆိုတဲ့စားချိုးဟာ အိမ်ထောင်ပြုခြင်းနဲ့ပတ်သက်လို့ ဘယ်လောက်အထိ အလေးအနက်ထားရမယ်ဆိုတာကို ညွှန်းထားတာပဲ။

မိန်းကလေးတစ်ယောက်က အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ပြီး အိမ်ထောင်ပြုလိုက်ခြင်းဟာ သူ့ဘဝသက်တမ်းတစ်လျှောက်လုံးအတွက် တစ်ကြိမ်သာရတဲ့အခွင့်အရေးကို အသုံးပြုလိုက်ခြင်းပဲ။ ဒါကလေးလေးတို့ မြန်မာ့ယဉ်ကျေးမှုဓလေ့အရ ပြောတာနော်။

အဲ တစ်ချို့ကတော့

ဘယ်နိုင်ငံရဲ့အယူအဆမှန်း မသိ၊ နိုင်ငံခြားအယူအဆကိုမှ အထင်ကြီးသလိုလို၊ လက်ခံကျင့်သုံးချင်သလိုလို၊ ခေတ်မီတာလိုလိုနဲ့ လင်ကို လွှတ်လပ်စွာ အခါခါယူခွင့် ရှိနေချင်တဲ့



လင်ယူပြီးမှ ရည်းစားထားတာဟာ မိန်းကလေးရဲ့လွတ်လပ်ခွင့် ဆို ဟာစ်ကြွေးချင်နေတဲ့

ပြောသံဆိုသံတွေ၊ အရေးအသားတွေ တွေ့နေ ကြားနေရတော့ လေးလေးတို့ မြန်မာမိန်းကလေးများနဲ့ အဲဒီအယူအဆတွေဟာ ဆန့်ကျင်ဘက် ဖြစ်တယ်ဆိုတာ သတိပေးချင်ပါတယ်။

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတာ မြန်မာ မိန်းကလေးများအတွက် အလွန်လေးနက်တဲ့ သတိပေးစကားပါပဲ။ အဲဒီစကားဟာ ရည်းစားထားဖို့၊ ရည်းစားများဖို့ မြှောက်ပေးတာ မဟုတ်ပါဘူး။ ရည်းစားတစ်ထောင်ထားဦးတော့ လင်ကိုတော့ တစ်ယောက်တည်းပဲယူရမယ်ဆိုပြီး မိန်းကလေးများ အိမ်ထောင်ရေး အတွက် အလေးအနက်စဉ်းစားဆုံးဖြတ်ပေးဖို့ သေသေချာချာရွေးချယ်ဖို့ သတိပေးတဲ့စကားလို့ လေးလေး ကောက်ချက်ချမိတယ်။

ကဲ ဆက်ဆွေးနွေးကြရအောင်။

'ယောကျ်ားကောင်း မောင်းမတစ်ထောင်'

ဆိုတဲ့စကား။ ဒီစကားကိုလည်းအလေးအနက် စဉ်းစားသင့် တာပဲ။ အပေါ်ယံ ရုပ်ကြည့်ရင်တော့ ဒီစကားဟာရှေးလူကြီးများ မတရား ဘက်လိုက်ထားတဲ့စကားလို့ ထင်စရာပဲ။ အခွင့်အရေး မျှမျှတတမပေးဘူးပေါ့။ ယောကျ်ားတွေကျ မိန်းမယူချင်သလောက် ယူဆို မြှောက်ပေးထားတယ်လို့။

ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုတဲ့ စကားကို စဉ်းစားတော့မယ်ဆိုရင် ပထမယောကျ်ားကောင်းဆိုတဲ့ စကားလုံးကို သတိထားရလိမ့်မယ်။ ဘယ်လို ယောကျ်ားကို 'ယောကျ်ားကောင်း' ခေါ်မလဲ။

ယောကျ်ားကောင်းတစ်ယောက်ဖြစ်ဖို့ ယောကျ်ားတစ်ယောက်



ထမ်းဆောင်ရမယ့်တာဝန်တွေ ထမ်းဆောင်နိုင်ဖို့တော့ လိုမှာပေါ့။ အိမ်ထောင်ရေးကို အကြောင်းပြုပြီး ပြောခဲ့တဲ့စကားမို့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ယောကျ်ားတစ်ယောက်ထမ်းဆောင်ရမယ့် တာဝန်တွေကို ပထမလေ့လာကြည့်ရအောင်။ ယောကျ်ားတွေဟာ ကိုယ့်မိန်းမကို

(၁) မထီမဲ့မြင် နိုင်လိုမင်းထက်မပြောဆိုရ၊

(၂) ရှာဖွေရသမျှ အကုန်ပေးအပ်ရမယ်၊

(၃) အခြားသော မိန်းမတို့နဲ့ မကျူးလွန် မဖောက်ပြားရ၊

(၄) အဝတ်အစား အဆောင်အယောင် (တိုက်တာ အသုံးအဆောင်) ပြည့်စုံအောင်ဖန်တီးပေးပြီး မြှောက်စားရမယ်၊

(၅) ချစ်ခင်ကြင်နာမှု ၊ ယုယမှုရှိရမယ်၊

လို့ ဆိုထားပါတယ်။ လင့်ဝတ္တရားငါးပါးဆိုပါတော့။ ပြီးတော့ လေးလေးတို့ မြန်မာဆိုရိုးမှာ မိန်းမက လင်ကို မကြည်မသာ ဖြစ်ရခြင်းအကြောင်းရှစ်ပါးကို ဟောသလို ပြထားသေးတယ်။

(၁) လင် မွဲရင်

(၂) လင် မမာရင်

(၃) လင် အရက်သောက်ရင်

(၄) လင် မိုက်မဲရင်

(၅) လင် ဖျင်းရင်

(၆) လင် ပျင်းရိရင်

(၇) လင် အိမ်မှုမစွမ်းရင်

(၈) လင် ယောကျ်ားပီသမှုမရှိရင်(ကျွန်းမာရေးမကောင်းရင်)

မိန်းမများရဲ့ ငြိုငြင်မှု၊ မကြည်မသာဖြစ်မှုခံရမယ်လို့ ဆိုထားပါတယ်။

ဒီတော့

လင့်ဝတ္တရားငါးပါးကျေဖို့၊ မကြည်မသာငြိုငြင်ခြင်း မခံရဖို့ ယောကျ်ားတွေမှာ စိတ်ပိုင်းရော ရုပ်ပိုင်းရော ပြည့်စုံကြရလိမ့်မယ်။ မိန်းမတစ်ယောက်ကိုယူပြီး အဲဒီတာဝန်တွေမှ မကျေရင် မိန်းမရဲ့ မကြည်မသာငြိုငြင်မှုခံရမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ယောကျ်ားကောင်းလို့ လေးလေးတို့ သတ်မှတ်ကြမလဲ။

'ယောကျ်ားကောင်း မောင်းမတစ်ထောင်' ကွဆိုတဲ့ စကားကို ယောကျ်ားဖျင်း၊ ယောကျ်ားပျင်းကိုညွှံ့ရကောင်းလားဆို သတိပေးတဲ့ စကားပဲလို့ လေးလေး ကောက်ချက်ချမိတယ်။

ယောကျ်ားကောင်းဖြစ်ဖို့ သတိပေးတဲ့ စကားပေါ့။

ဆက်တွေးကြရအောင်။

ယောကျ်ားများ မိန်းမတစ်ယောက်ထက်ပိုယူလို့(သူ့မှာသာ ငွေကြေး ကျန်းမာရေးပြည့်စုံနေရင်)ပြဿနာမရှိနိုင်ပေမယ့် မိန်းမများကိုတော့ 'လင်' တစ်ယောက်ထက် ပိုယူလိုက်တာနဲ့ လူမှုရေး ပြဿနာတွေအများကြီး ရှုပ်ထွေးသွားနိုင်တယ်။ သဘာဝတရားကိုက မိန်းမကောင်းမိန်းမမြတ်များဟာ တစ်ဦးတည်းသောလင်ယောကျ်ားကို သာ ယူဖို့ ဖန်တီးထားပါတယ်။ သားသမီးတွေ ရရှိလာတဲ့အခါ 'အမွေခွဲဝေရေးကိစ္စမှာ ဖခင်ဘယ်သူဆိုတာ တိတိကျကျသိဖို့လိုအပ် တယ်မဟုတ်လား။ ပြီးတော့ လူတစ်ယောက်ဟာ 'ငါ့အဖေ ဘယ်သူကွ' ဆိုတည်ငြိမ်စွာ ကြီးပြင်းနိုင်ဖို့ အရေးကြီးပါတယ်။

'ကလေးတစ်ယောက်မှာအဖေတွေ အများကြီးရှိတော့ အဲဒီ ကလေးအတွက် ဖခင်ရဲ့မေတ္တာတွေ အများကြီးရတာပေါ့' ဆိုတဲ့

ဟာစ်ပီရဲ့ စကား၊ စည်းမဲ့ကမ်းမဲ့နေလိုသူများရဲ့ စကားဟာယဉ်ကျေးမှု ရှိတဲ့ လူ့ဝန်းကျင်မှာ လက်ခံနိုင်စရာ လုံးဝ မရှိပါဘူး။

ဒါကြောင့်

ငါ့တူမများဖတ်ဖူးတဲ့စာတွေထဲမှာ ကြားဖူးတဲ့စကားတွေ ထဲမှာ လင်ယူခြင်းနဲ့ လင်ယူပြီးမှ ရည်းစားထားခြင်းကို မိန်းမ တစ်ယောက်ရဲ့ အခွင့်အရေးလို့ ထင်မှတ်မှားစရာတွေ ကြုံလာရင် ခေါင်းထဲက မြန်မြန်ထုတ်ပါ။ လုံးဝ လက်မခံပါနဲ့ လို့ လေးလေး သတိပေးချင်တယ်။

ပြီးတော့

အိမ်ထောင်ရှိတဲ့ မိန်းကလေးတစ်ယောက်ကို ပြစ်မှားကျူးလွန် တဲ့ယောကျာ်းလေးဟာလည်း 'ကာမေသုမိစ္ဆာစာရကံ' ကျူးလွန် တာပဲ။ ဘာသာရေးက လုံးဝခွင့်မပြုပါဘူး။ အိမ်ထောင်ပြုပြီးပြီ ဆိုတာနဲ့ ကိုယ့်လင်အပေါ်ကိုယ် သစ္စာရှိရပါမယ်။ အလေး အနက် စဉ်းစားပြီးမှ အိမ်ထောင်ပြုကြပါ။ ရှေးစကားက ဆိုထားတယ် မဟုတ်လား။

'ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်' တဲ့။

## မိဘပြောတော့တစ်လ
## မယားပြောတော့တစ်ည

မိဘပြောတော့ တစ်လ၊ မယားပြောတော့ တစ်ညတဲ့။ အဲဒီ စကား ငါ့တူမများ ကြားဖူးမှာပေါ့။ မိဘတစ်လလောက် ပြောရမယ့် ကိစ္စ မယားကပြောတော့ တစ်ညတည်းနဲ့အောင်မြင်တယ်ဆိုရအောင် မိန်းမကိုချစ်တာတစ်ခုတည်းနဲ့ မိန်းမပြောတဲ့စကားနားထောင်တာပဲ


မိဘပြောပြော
မယားပြောပြော

လို့တော့ မထင်လေနဲ့။ အဲဒီမိန်းမဟာ ယုံကြည်လေးစားရလောက်တဲ့ မယားဖြစ်တာလည်း ပါတယ်။ အဲဒါက အဓိက။

အဲဒီတော့ ငါတို့မများ ယောက်ျားတွေအကြောင်း သိရမယ့်ဆီမှာ ယောက်ျားတွေဟာ ဘယ်လိုမိန်းမမျိုးကို အထင်ကြီးတယ်၊ လေးစားတယ်၊ တန်ဖိုးထားတယ်ဆိုတာလည်း သိထားသင့်တယ်။ ဒါမှ ကိုယ့်ကို အထင်ကြီးအောင်၊ လေးစားအောင်၊ တန်ဖိုးထားတတ်အောင် နေတတ်မယ်။ ရှေးလူကြီးများပြောတဲ့စကား ရှိတယ်လေ။

'ဟဲ့ မိန်းကလေးဆိုတာ ရောင်းကုန်ဟဲ့၊ တန်ဖိုးရှိအောင် နေတတ်ရတယ်'

ဆိုတဲ့စကား။ 'နေတတ်ရတယ်' ဆိုတဲ့ စကားဟာ သိပ်ထိရောက်တယ်နော။ တန်ဖိုးရှိတဲ့မိန်းကလေးတစ်ယောက်ဖြစ်ဖို့ ဆွေးလူတွေ၊ မိဘတွေက ဖန်တီးပေးတိုင်း မရဘူး။ ဥစ္စာပစ္စည်း စည်းစိမ်အဆောင်အယောင်တွေရှိတိုင်းလည်း တန်ဖိုးရှိတာမဟုတ်ဘူး။ တကယ်ကို ကိုယ့်ဟာကိုယ် နေတတ်မှ တန်ဖိုးရှိတာပါ။ တန်ဖိုးဆိုတာ ငွေကြေးတန်ဖိုးကို ဆိုလိုတာမဟုတ်ဘူးကွဲ့။ ကိုယ့်ကို အလေးထားမှု ပစ္စလခတ် ပေါ့ပေါ့တန်တန်သဘောမထားမှုကို ဆိုလိုတာပါ။

တန်ဖိုးရှိတဲ့မိန်းကလေးတစ်ယောက် ယောက်ျားလေးတွေရဲ့ ပေါ့ပေါ့တန်တန်သဘောမထားခြင်းခံရတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ဖို့အတွက် ကိုယ်ကျင့်တရား ဣန္ဒြေသိက္ခာ ဆိုတာတွေနဲ့ တည်ဆောက်ယူမှ ရတယ်။ မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်ပဲ ရုပ်ချောချော ဘယ်လောက်ပဲ ငွေရှိရှိ ကိုယ့်ကျင့်တရား မကောင်းရင်၊ သိက္ခာမရှိရင် ဘယ်ယောက်ျားလေးကမှအလေးမထားပါဘူး။ တန်ဖိုးမထားပါဘူး ဆိုပါတော့။



## အိုင်တွေ့ခြေဆေး
## တစ်ချိုကွယ် တစ်မယ်မေ့

ဆိုတဲ့စကားဟာ ဣန္ဒြေသိက္ခာမရှိတဲ့ မိန်းကလေးတွေကြောင့် ပေါ်လာရတာပဲ။ အဲဒီအချက်ကို မိန်းကလေးတွေဟာ သတိမထားမိကြပါဘူး။ မိန်းမရှုပ်တဲ့ရည်းစားတွေထားပြီး ဖျက်ဆီးတတ်တဲ့ယောက်ျားတွေကို

အိုင်တွေ့ခြေဆေး
တစ်ချိုကွယ် တစ်မယ်မေ့

သစ္စာမရှိတဲ့ယောက်ျားတွေဆိုပြီး သုံးစွဲနေကြတယ်။ ဒီစကားနဲ့ ပတ်သက်ပြီး စတီရီယိုခေတ်ဦးပိုင်းကတေးသံရှင်တစ်ဦးက မဂ္ဂဇင်းတစ်စောင်နဲ့ တွေ့ဆုံခန်း ပြောသွားခဲ့တာကို ပြန်ရေးပြချင်တယ်။ အဲဒီတေးသံရှင်ဟာ မိန်းမရှုပ်တယ်၊ ပွေတယ်၊ စည်းမစောင့်ဘူးဆိုနာမည်ကြီးနေတဲ့အချိန်။ အဲဒါကို တွေ့ဆုံခန်းမှာ ထည့်မေးတယ်။

'ခင်ဗျားကို အိုင်တွေ့တိုင်း ခြေဆေးတတ်တယ်၊ စည်းမစောင့်ဘူးလို့ ပြောနေကြတယ်။ အဲဒီစကားနဲ့ပတ်သက်ပြီး ဘာများချေပချင်သလဲ၊ ပြန်ပြောချင်သလဲ'

'အထွေအထူးပြောစရာမရှိပါဘူးဗျာ၊ ကျွန်တော်ကအိုင်တွေ့လို့ ခြေဆေးတာပဲ။ သောက်ရေအိုးတွေ၊ သုံးရေအိုးတွေကို လိုက်ဖွင့်ပြီး ခြေဆေးနေတာမှ မဟုတ်တာ၊ ဒီနေရာမှာ ကျွန်တော်မြင်တာကိုတော့ ပြောချင်တယ်၊ မိန်းကလေးဆိုတာ ရေလိုပဲ၊ သောက်ရေအိုးထဲမှာနေရင် သောက်ရေ ဖြစ်မယ်၊ သောက်ကြမယ်၊ သုံးရေအိုးထဲမှာနေရင် သုံးရေဖြစ်မယ်၊ မျက်နှာသစ်မယ်၊ အဲအိုင်ထဲမှာရောက်နေမှတော့ ခြေဆေးရုံပဲရှိတော့မှာပေါ့၊ အိုင်ထဲကရေကိုတော့ ဘယ်သူကမှ သောက်မှာမဟုတ်ပါဘူး၊ ခြေဆေးရုံကလွဲပြီး သုံးလို့မှ မရဘဲ'



ဆိုပြီး ဖြေသွားတယ်။

အဲဒီစကားဟာမိန်းကလေးတွေ အလေးအနက်ထား စဉ်းစားသင့်တဲ့ စကားပဲ။ ယောကျ်ားလေးတွေက မိန်းကလေးတွေကို ဘယ်လိုမြင်တယ်၊ ဘယ်လိုသဘောထားတယ်ဆိုတာ အဲဒီစကားက ညွှန်ပြနေတယ်။ မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကိုတန်ဖိုးရှိအောင် နေမှ ယောကျ်ားလေးတွေက တန်ဖိုးထားမယ်ကွဲ့။

တစ်ချိုကွယ် တစ်မယ်မေ့ဆိုတဲ့ စကားကိုတော့ ရှင်းပြမနေချင်တော့ပါဘူး။ အိုင်တွေ့ခြေဆေးနဲ့အစိပ္ပါယ် အတူတူပါပဲ။ ကိုယ့်တန်ဖိုးကိုမှ ကိုယ်မထိန်းဘဲ ချိုထဲထိလိုက်လို့ ကွယ်ရင် မေ့ပစ်တာခံရတာ သိပ်မဆန်းပါဘူး။ တန်ဖိုးရှိဖို့အတွက် ဣန္ဒြေသိက္ခာရှိရမယ်။ ဣန္ဒြေသိက္ခာရှိဖို့အတွက် ကိုယ်ကျင့်တရားနဲ့ အသိဉာဏ်နဲ့တည်ဆောက်ရမယ်။

ခြေတစ်လှမ်းကုဋေတစ်သန်းတန်တယ်။

မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ။

ဆိုတဲ့ စကားတွေဟာ မိန်းကလေးတွေ နေတတ်ထိုင်တတ်ဖို့ ပြောထားခဲ့တဲ့ 'စိ' ပြုထားတဲ့ စကားတွေပေါ့။

## ခေတ်မီတာနဲ့ သရုပ်ပျက်တာ သွက်တာနဲ့ ကလက်တာ

ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးဖြစ်ဖို့အတွက် ရိုးရမယ်၊ အရမယ်ဆိုလိုတာ မဟုတ်ဘူးနော်။ ထုံထုံထိုင်းထိုင်းအူတူတူအတတတ ဖြစ်ဖို့မလိုပါဘူး။

ယောကျ်ားလေးတွေဟာ ခေတ်မီတဲ့မိန်းကလေးတွေကို အထင်သေးတာမဟုတ်ဘူးနော်။ သရုပ်ပျက်တဲ့မိန်းကလေးကိုသာ အထင်သေး


ဟဲ့-ဟဲ့..
ဧည့်ခန်းထဲမှာ

တာပါ။ ခေတ်မီတာနဲ့ သရုပ်ပျက်တာဟာ ကွဲပြားပါတယ်။ အသိဉာဏ် ရှိတဲ့မိန်းကလေးဟာ ခေတ်မီပေမယ့် သရုပ်မပျက်ပါဘူး။ အပြော အဆို၊ အနေအထိုင် အဝတ်အစား သူ့နေရာနှင့်သူ အံဝင်အောင် ပြောဆို နေထိုင်ဝတ်စားတတ်တယ်။

ရှင်းအောင်လို့ ဥပမာပြောပြရရင်တော့ မိန်းကလေးတစ်ယောက် အားကစားကွင်းထဲမှာ ဘောင်းဘီတိုဝတ်တာဟာ အထင်သေးစရာ မဟုတ်ပေမယ့် စည့်ခန်းထဲမှာ ဘောင်းဘီတိုနဲ့နေရင်၊ ဈေးကို ဘောင်းဘီတိုနဲ့ လာရင်အထင်သေးစရာဖြစ်သွားပြီး ခေတ်မီတာလို့ မမြင်တော့ဘူး။ သရုပ်ပျက်သွားပြီပေါ့။ စဉ်းစားချင့်ချိန်ပြီး သူ့နေရာနဲ့ သူအံဝင်အောင်မဝတ်လို့ပေါ့။ဘောင်းဘီတိုက အဓိကမဟုတ်ဘူး။ သူ့နေရာနဲ့သူ ဝတ်သင့် မဝတ်သင့်ခွဲခြားတတ်တာက အဓိက။

ဝတ်စားဆင်ယင်ပြောဆိုနေထိုင်တဲ့ဆီမှာ

အခြေအနေ

အချိန်အခါ

နေရာဒေသ

နဲ့လိုက်လျောညီထွေဖြစ်အောင် နေတတ်ရင် ခေတ်မီတဲ့ မိန်းကလေး၊ တန်ဖိုးရှိတဲ့ မိန်းကလေးဖြစ်မယ်။

နောက်ပြီး ငယ်တဲ့မိန်းကလေးများ

ကလက်တာနဲ့ သွက်တာဟာလည်း ရောထွေးနေကြတယ်။ မကွဲပြားဘူး။ သွက်တာဟာ လူအထင်သေးစရာ မဖြစ်ပေမယ့်၊ ကလက်တာဟာ လူအထင်သေးစရာဖြစ်တယ်ကွဲ့။ ကိုယ့်ဝတ်စား ဆင်ယင်မှု၊ ကိုယ့်အခြေအနေ၊ ကိုယ့်အလုပ်အကိုင်နဲ့ အံဝင်ဖို့လိုတယ်။ စင်ပေါ်ကတေးသံရှင်က စကတ်ဝတ်ပြီး နားကွင်းတစ်ဘက်တည်း ဆွဲတာနဲ့ ကိုယ်က အကြော်ရောင်းရင်း၊ မုန့်ဟင်းခါးရောင်းရင်း



အဲသလို လိုက်လုပ်ရင် သွက်တာမဟုတ်တော့ဘူး။ ကလက်တာ ဖြစ်သွားရော။

တန်ဖိုးရှိတဲ့ မိန်းကလေးဖြစ်ဖို့အတွက် ကိုယ့်အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် နေတတ်ဖို့ အသိဉာဏ်ရှိရမယ်။ ယောက်ျားလေးတွေဟာ ဘဝတစ်သက်တာ အိမ်ထောင်ဖက်အဖြစ် ရွေးတော့မယ်ဆိုရင် တည်တည်ငြိမ်ငြိမ်နဲ့ ဣန္ဒြေသိက္ခာရှိတဲ့မိန်းကလေး ကို ရွေးတာပါပဲ။

## လည်လွန်းတဲ့ဘီး

ကိုယ့်ကိုယ်ကိုတန်ဖိုးမထားတတ်ရင်တော့ တန်ဖိုးမရှိသလို ဖြစ်မှာပါပဲ။ ကလက်တက်တက်နဲ့ သရုပ်ပျက်နေတဲ့ မိန်းကလေး တစ်ယောက်ကိုတော့ ယောက်ျားလေးတွေဟာ အပျော်သဘောနဲ့ ရည်းစားထားဖို့လောက်ပဲ စိတ်ကူးကြမှာပါ။ ဒါတောင်ယောက်ျားလေး တိုင်း မဟုတ်ပါဘူး။ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ရှုပ်ချင်တဲ့ကောင်လေးမျိုး မှ ရည်းစားတားတာကို အပျင်းပြေအပျော်သဘောလုပ်မှာ။ အဲသလို ယောက်ျားလေးများကတော့ ရည်းစားဘယ်လောက်များတဲ့ မိန်းကလေးပဲဖြစ်ဖြစ် ငါ့အလှည့်ရောက်တွဲရမှာပဲဆို စောင့်တွဲမှာပဲ။

ဒီတော့ ဘယ်လိုဖြစ်သလဲဆိုရင် ခပ်ပေါ့ပေါ့ခပ်ပေါ့ပေါ့ချင်း တွေ့ကြရော။ အဲသလို ပွေရှုပ်လာတဲ့ကောင်လေးနဲ့ ကလက်တက်တက် ပျက်တက်တက်ကောင်မလေးရသွားပြီဆိုရင် ဘယ်လိုပြောကြသလဲ ဆိုတော့

'လည်လွန်းတဲ့ဘီး ချေးသင့်တာပဲ' တဲ့။



ခု လေးလေးဆွေးနွေးခဲ့တာတွေကိုပြန်ပြီး အနှစ်ချုပ်ကြည့်လိုက်ရင်

မိဘပြောတော တစ်လ

မယားပြောတော့ တစ်ည

ဆိုတဲ့ စကားဟာ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်နေတဲ့ မိန်းကလေးတွေအတွက်သာ အကျိုးသက်ရောက်မှုရှိမှာပါ။ ယောက်ျားလေးတွေဟာ မိန်းကလေးတွေကို အထင်သေးတယ်။ ဘယ်လို မိန်းကလေးတွေကို တန်ဖိုးထားတယ်ဆိုတာ သိပြီးရင် ငါ့တူမများ တန်ဖိုးရှိတဲ့ မိန်းကလေးများဖြစ်အောင် ပြောဆိုနေထိုင်တတ်ကြပါစေ။

## လူကြီးလူရှုပ်

ယောက်ျားတွေ မိန်းမရှုပ်တယ်ဆိုတာ အသက်အရွယ်ကြီးတာနဲ့ ငယ်တာနဲ့မဆိုင်ဘူးကွဲ့။ နောက်ပြီး ဆင်းရဲတာချမ်းသာတာနဲ့လည်း မဆိုင်ပြန်ဘူး။ ရှုပ်ချင် ပွေချင်တဲ့စရိုက်ရှိ သူက ရှုပ်ကိုရှုပ်တာပဲ။

လေးလေးတွေ့ဖူးတဲ့ လူကြီးလူရှုပ်နှစ်ယောက်အကြောင်း ပြောပြချင်ပါတယ်။ ပထမတစ်ယောက်ကတော့ မပြည့်မစုံပါ၊ လခစား။ ယူထားတဲ့မိန်းမက တရားဝင်လေးငါးယောက်ရှိတယ်။ ရက်ပိုင်း၊ လပိုင်းယူလိုက် ပြန်ကွဲလိုက်ဆိုတာတွေကတော့ သူဟာသူကို မမှတ်မိဘူး။ ဘယ်နှစ်ယောက်ရှိလို့ ရှိမှန်း မသိဘူး။ လေးလေးဟာ အဲဒီလူကြီးနဲ့ အိမ်ချင်းကပ်နေခဲ့ရဖူးတယ်။ တစ်ရက်မှာ သူနဲ့ ထိုင်ပြီး စကားပြောဖြစ်တော့

'ဆရာကြီး မိန်းမယူထားတာ ဘယ်နှစ်ယောက်ရှိပြီလဲ'



'ဒါ ငါးယောက်မြောက်၊ လေးယောက်ယူခဲ့ပြီးပြီ၊ နှစ်ယောက်က တော့ လုံးဝကွဲသွားပြီ။ နှစ်ယောက်ကတော့ သွားလိုက်လာလိုက်ပါပဲ၊ နေတော့ ဒီမှာပဲနေတယ်'

'ဘယ်လိုများပြောပြီး ယူတာလဲ၊ ဆရာကြီးမှာ မိန်းမရှိတာ မသိဘူးလား'

'သိတာပေါ့၊ သနားအောင်လုပ်ပြပြီး ယူထားတာ၊ လက်ရှိ အမျိုးသမီးနဲ့ ကျွန်တော်နဲ့က အလုပ်အတူလုပ်တာလေ၊ ကျွန်တော်က ထမင်းစားချိန်ဆိုရင် မုန့်ကြွပ်ကလေးနှစ်ခုလောက်ဝါးပြီး ရေသောက်ပြတာတို့၊ ငှက်ပျောသီးလေးနှစ်လုံးဝယ်စားပြီး နေလိုက်တာတို့ လုပ်ပြတော့ မေးလာတော့တာပေါ့၊ ထမင်းမထုပ်ခဲ့ဘူးလား ဘာညာနဲ့၊ ဒီတော့မိန်းမနဲ့ တစ်အိမ်တည်းအတူတူနေပေမယ့် စကားမပြောတာ သုံးနှစ်လောက်ရှိကြောင်း၊ သူက လုံးဝဂရုမစိုက်ကြောင်း၊ ကိုယ့်အဝတ် ကိုယ်လျှော်၊ ကိုယ့်ထမင်းကိုယ်ချက် အိမ်ထောင်ရေးကံဆိုးကြောင်း လျှောက်ပြောရတာပေါ့၊ နောက်ရက်ကျတော့ ကျွန်တော့်ဖို့ပါ ထမင်း ပိုထည့်ယူလာရော၊ ဒါပါပဲ'

လို့ပြောပြတယ်။ သနားအောင်ပြောပြတတ်တယ်။ သနားအောင် လုပ်ပြတတ်တယ်။ မိန်းကလေးတွေကလည်း မျက်စိရှေ့ မြင်နေရတဲ့ အနေအထားလေးမှာ သနားစရာကောင်းနေရင် သနား လိုက်တော့တာပဲ။ လူကြီးလူရှုပ်တွေနဲ့ ရပြီဆိုတဲ့ မိန်းမတိုင်းဟာ သနားလွယ်တဲ့မိန်းမတွေပဲ။

နောက်ပြီး လက်လုပ်လက်စားထဲက မိန်းမနှစ်ယောက် တစ်ပြိုင်တည်းယူထားတဲ့ သူငယ်ချင်းရှိသေးတယ်။ သူကလည်း မိန်းမနှစ်ယောက် ကလေးဆယ့်တစ်ယောက်သာရှိနေတာ ရည်းစားက ထားချင်တုန်း။ သူ့ နီးနားဝန်းကျင်မှာကို သူ့စိတ်ဝင်စားနေတဲ့


ရှုပ်ခဲ့ပေါများကို
မိန်းမတွေက စီစဉ်
ထားတာပါကွ

မိန်းကလေးတွေကလည်း ရှိသေးတယ်။ တစ်ရက်မှာ သူ့ကို လေးလေးက

'ခင်ဗျားကို ကြိုက်နေတဲ့ မိန်းကလေးတွေရှိတာ အံ့ဩတယ်ဗျာ။ ခင်ဗျားမှာ မိန်းမနှစ်ယောက်ရှိတာလဲ သိကြတယ်။ တွေ့မရှောင် ဟိုရှုပ် ဒီရှုပ် ဆိုတာလဲ သိကြပြီးတော့'

'အဲသလို သိနေလို့ စိတ်ဝင်စားကြတာပေါ့ဗျ၊ ခင်ဗျားတို့ ခပ်တည်တည်နေလို့ ဘယ်မိန်းကလေးကမှ စိတ်မဝင်စားတာ'

လေးလေးက သူပြောတာကို နားမလည်နိုင်သလို ကြည့်နေတော့

'ဒီလိုလေ ယောက်ျားလေးအတော်များများဟာ အပြောရလွယ်တယ်၊ တစ်ခါလိုက်ပြော တစ်ခွန်းတည်းနဲ့ ပြန်ကြိုက်တယ်၊ ရည်းစား အလွန်များတယ်၊ သူ့လိုက်ပြောလို့ကတော့ ပြန်ကြိုက်တာပဲ ဆို နာမည်ထွက်နေတဲ့မိန်းကလေးနဲ့ အပြောရခက်တယ်ဆိုတဲ့ မိန်းကလေး ဘယ်သူ့ကိုစိတ်ဝင်စားမလဲ၊ အပျင်းပြေ လွယ်လွယ်ကြံချင်တဲ့ယောက်ျားတိုင်းက အပြောရလွယ်တယ်ဆိုတာလေးကို ကြံရင်တော့ ပြောကြည့်လိုက်ချင်တာပဲ၊ သတင်းသာကြားပြီး မသိသေးတဲ့ ယောက်ျားလေးတွေကလည်း အပြောရလွယ်တယ်ဆိုတာ ဘယ်ဟာလေးလဲဆိုပြီး သိလိုက်ချင်တာပဲ၊ စိတ်ဝင်စားတာပဲ၊ အဲဒီသဘောမျိုးပေါ့၊ ယောက်ျားလေးတစ်ယောက်ဟာ ပွေပြီ ရှုပ်ပြီဆိုတဲ့ သတင်းထွက်လာရင် ပွေချင်ရှုပ်ချင်တဲ့ မိန်းကလေးတွေက အဲဒီယောက်ျားမျိုးကို စိတ်ဝင်စားတာပဲ။ ဒီလူကြီး ဘယ်အချိန်များ ငါ့လာရှုပ်မလဲ ဆိုပြီးတော့၊ ကျွန်တော်တို့ ရှုပ်တဲ့ ယောက်ျားတွေ သိထားတာရှိတယ်'

'ဘာများပါလိမ့်'



'မိန်းကလေးတွေကို ရှုပ်တော့မယ်ဆိုရင် လူမသိအောင်ရှုပ်၊ ဘေးမှာ လူရှိတာ မရှိတာနဲ့ မဆိုင်ဘူး၊ လူတွေရာနဲ့ချီပြီးရှိနေဦးတော့ ဘေးကလူတွေမသိဘူးထင်ရင် အရှုပ်ခံတာပဲ၊ အဲကွင်းပြင်ကြီးထဲမှာ နှစ်ယောက်တည်းရှိနေဦးတော့၊ ဟိုအဝေးကလူကလှမ်းမြင်နိုင်တယ်၊ သိနိုင်တယ်ဆိုရင် အရှုပ်မခံဘူး။ ဒါကြောင့်ကျွန်တော်တို့ကရှုပ်ပြီဆိုရင် လူမသိဘူးဆိုတာ ယုံကြည်လောက်တဲ့အနေအထားမှ ရှုပ်တာ၊ စရှုပ်ပြီဆိုရင်တော့ သိသိမသိသိ ကိစ္စမရှိတော့ဘူး'

လို့ ပြောပြတယ်။

ယောက်ျားလေးတွေက အဲသလိုမိန်းကလေးတွေရဲ့ အကြောင်းသိထားသလို ငါ့တူမများကလည်း ယောက်ျားလေးတွေအကြောင်း၊ သူတို့ရဲ့ သဘောထားကို သိထားရမယ်၊ ဘယ်သူမှသိမှာမဟုတ်ပါဘူးဆိုပြီး သွားအရှုပ်မခံလိုက်လေနဲ့။ လောကကြီးမှာ၊ ဝန်းကျင်မှာ ဘယ်အရာမှ ဖုံးကွယ်ထားလို့မရဘူး။ တစ်နေ့ မဟုတ်ရင်တစ်နေ့ တစ်ယောက်မဟုတ်တစ်ယောက် သိသွားမှာပဲ။ လူတွေ သိသွားမှာပဲ။

ဘယ်အချိန် ဘယ်နေရာမှာပဲ ဖြစ်ဖြစ်

လူတွေရှိရှိ မရှိရှိ သိသိ မသိသိ

ယောက်ျားတွေနဲ့ ပတ်သက်လာရင် လူသိခံရဲတဲ့အလုပ်မျိုးပဲလုပ်ပါ။ လူသိမခံရဲတဲ့ အပြုအမူအပြောအဆိုဆိုရင် လုံးဝမလုပ်ပါနဲ့လို့ လေးလေး သတိပေးချင်တယ်။

ကဲ ဆက်ဆွေးနွေးရအောင်။

ရှုပ်တယ်ဆိုတဲ့လူမျိုးကို စိတ်ဝင်စားမိရင် အရှုပ်ခံရတာတ်တယ်ဆိုတာလည်း မှတ်ထားကြကွဲ့။ ဒါကရှုပ်တယ်ဆိုတဲ့နာမည်အထွက်ခံပြီးရှုပ်တဲ့ ယောက်ျားတွေရဲ့အကြောင်းပေါ့။

ပြီးတော့

ဂုဏ်သရေရှိဘူကြီးလူကောင်း ငွေကြေးပြည့်စုံသူထဲက ရှုပ်တတ်သူများလည်း ရှိသေးတယ်။ အဲသလို လူကြီးမျိုးနဲ့လည်း လေးလေးဆုံဖူးပါတယ်။

ဈေးမလုပ်ငန်းကြီးနဲ့

တိုက်တွေ ကားတွေနဲ့

နေရာတကာမှာလည်း ဝင်ဆံ့ပါရဲ့။ အဲသလို လူကြီးမျိုးက ရှုပ်ပြီဆိုရင် အနည်းနဲ့အများဆိုသလို သူတို့ထက် နိမ့်ကျတဲ့မိန်းကလေးတွေ ဖြစ်တတ်တယ်။ သူတို့ကို အထင်ကြီး လေးစားနေတဲ့ မိန်းကလေးမျိုးနဲ့ ရှုပ်တတ်တယ်။

အပြောကတော့ ယောကျ်ားအတော်များများရဲ့ မူအတိုင်း သနားအောင်ပြောတာပဲ။ သူ့မှာ အစစ အရာရာ ပြည့်စုံတယ်လို့ ထင်နေပေမယ့် အချစ်နဲ့ပတ်သက်လာရင် မပြည့်စုံတဲ့အကြောင်း ကြည်ကြည်နူးနူးနေတဲ့ ချစ်သူလေးတွေကို ရုပ်ရှင်ထဲမှာသာ မြင်ဖူးတဲ့အကြောင်း၊ တစ်ခါတစ်ခါမှာ သူ့မှာရှိနေတဲ့ငွေသိန်းပေါင်းများစွာရဲ့ တန်ဖိုးဟာ ဘာပါလိမ့်၊ ဘယ်လို အဓိပ္ပါယ်ရှိပါလိမ့်၊ ဒီငွေတွေဟာ သူ့ဘဝကို ကြည်နူးစရာ၊ ပီတိဖြစ်စရာ ဘာမှ ဖန်တီးမပေးနိုင်ပါလား၊ သူ့ဘဝဟာ ခံစားမှုရှိတဲ့လူနဲ့ မတူဘဲ အလုပ်ရယ်၊ ငွေရယ်၊ လူမှုရေးရယ် လည်ပတ်နေရတဲ့ စက်ရုပ်နဲ့ တူနေကြောင်း၊ ရှိနေတဲ့ မိန်းမကြီးကလည်း ကားလေးစီးက ငါးစီးခြောက်စီးဖြစ်ဖို့ပဲ သိတဲ့အကြောင်း သုံးထပ်တိုက်ဖျက်ပြီး ခြောက်ထပ်တိုက်ဆောက်ဖို့ပဲ စိတ်ဝင်စားနေတဲ့အကြောင်း

ဆိုတာမျိုးတွေပြောပြီး ချစ်ခြင်းမေတ္တာနဲ့ပတ်သက်လို့ ကံမကောင်း အကြောင်းမလှ၊ သာယာမှုခန်းခြောက်နေသယောင် ပြောပြီး

သနားလာအောင် လုပ်တာပဲ။ သူ့ဘဝသာယာလာဖို့၊ ပျော်ရွှင်ကြည်နူး စရာ စိုပြည်လာဖို့ အချစ်ငတ် မေတ္တာငတ် နေသယောင်ယောင်နဲ့ မိန်းကလေးတွေရဲ့ သနားကြင်နာမှုကို ပထမယူမယ်။ နောက်တော့ လူကိုပါယူမယ်။

ဒါတွေကတော့ လူကြီးလူရှုပ်တွေရဲ့ အကြောင်းပဲ။

ဒီနေရာမှာ ငါ့တူမများသတိထားသင့်တာက လူကြီးလူရှုပ် အတော်များများဟာ သူတို့ကိုသနားအောင် ပြောတတ်တယ်ဆိုတာပဲ။ နောက်ပြီး ယုံအောင်လည်း ပြောတတ်တယ်ကွဲ့။

လူကြီးလူရှုပ်က လူငယ်လူရှုပ်ထက် ပိုပြီးပရိယာယ်များတယ် ဆိုတာ သိထားကြပေရော့။

## တစ်ခုလပ် နဲ့ မုဆိုးဖို

ယောက်ျားတွေရဲ့ အကြောင်း၊ ယောက်ျားတွေရဲ့ သဘောထား ကိုခွဲခြားပြီးပြောရရင်တော့ တစ်ခုလပ်နဲ့မုဆိုးဖိုတွေရဲ့ အကြောင်း ကိုလည်း ငါ့တူမများ သိထားသင့်တယ်ကွဲ့။

တစ်ခုလပ်နဲ့ မုဆိုးဖို ဆိုတာ အမည်သာကွဲတာ၊ မိန်းမရဖူး ပြီးသား ယောက်ျားတွေ။ ဒီတော့ သူတို့က မိန်းမ မရဖူးသေးတဲ့ ယောက်ျားတွေထက် ပရိယာယ်ပိုကြွယ်တယ်။ မိန်းမတွေအကြောင်း ပိုသိတယ်။ သူတို့ဟာနောက်မိန်းမယူဖို့ ဝန်မလေးတော့ဘူး။ လက်မရွံ့ တွေပဲ။ သူတို့ဘဝအတွက် အဆင်ပြေမယ်ထင်လို့ အိမ်ထောင်သစ် ထူထောင်ကြတာတွေ ရှိသလို မိန်းမတွေကို ခပ်ပေါ့ပေါ့ သဘော ထားပြီး မိန်းမယူတာ ဘာဆန်းသလဲဆို ကောက်ယူနေတာတွေလည်း ရှိသေးတယ်။



တချို့တစ်ခုလပ်နဲ့ မုဆိုးဖိုများကတော့ မိန်းမတွေအကြောင်းကို သိပြီးယူဖို့ စိတ်ပျက်သွားတဲ့လူများလည်း ရှိတယ်။ ပထမကြုံတွေ့လိုက်ရတဲ့မိန်းမက စိတ်ပျက်စရာကောင်းနေလို့၊ ဒါမှမဟုတ် သိပ်ကိုစံပြထိုက်တဲ့အသိဉာဏ်ရှိတဲ့ မိန်းမဖြစ်နေလို့ တစ်မျိုးမဟုတ် တစ်မျိုးဖြစ်နိုင်တယ်။ ယူဖို့ စိတ်ပျက်သွားတဲ့သူ အတော်များများကတော့ အသိဉာဏ်နည်းတဲ့ မိန်းမနဲ့ တွေ့ဖူးလိုက်ကြလို့ပဲ။ ဒီယောက်ျားမျိုးတွေကတော့ အနည်းစုပါ။ အတော်များများကတော့ အိမ်ထောင်ပြုကြတာများတယ်။

မိန်းကလေးတစ်ယောက်အတွက် ယောက်ျားလေးဆိုတာ လိုအပ်သလို ယောက်ျားတစ်ယောက်အတွက်လည်း မိန်းကလေးဆိုတာ လိုအပ်ချက်တစ်ခုပဲ။ ဒါကြောင့် ယောက်ျားဆိုတာမိန်းမတွေအတွက် အဖြည့်ခံမဟုတ်သလို မိန်းမဆိုတာလည်း ယောက်ျားတွေအတွက် အဖြည့်ခံမဟုတ်ပါဘူး။ အဲသလိုအလေးအနက် သိထားရမယ်။ မိန်းကလေးက ဖြစ်ဖြစ်၊ ယောက်ျားလေးက ဖြစ်ဖြစ်၊ အိမ်ထောင်ရေးကို အဖြည့်ခံသဘောကို ထူထောင်ထားတာဆိုရင် အဲဒီအိမ်ထောင်ဟာ ဘယ်လိုမှ မသာယာနိုင်ပါဘူး။ တစ်ခုလပ်ဆိုတာ အဲဒီ အဖြည့်ခံအိမ်ထောင်ရေးကြောင့်ဖြစ်လာတာ များပါတယ်။ ယောက်ျားလေးသို့မဟုတ် မိန်းကလေးဟာ ကိုယ့်အိမ်ထောင်အပေါ် ကိုယ်အလေးအနက်သဘောမထားလို့ တစ်ခုလပ်တွေ ဖြစ်လာရတာပဲ။ အိမ်ထောင်တွေ ပြိုကွဲရတာပဲ။

ဒီတော့ငါ့ိတူမများ စိတ်ဝင်စားမိတဲ့ ယောက်ျားဟာတစ်ခုလပ်ဖြစ်နေရင် လေ့လာပါ။ အဲဒီငတိဟာပထမအိမ်ထောင်နဲ့ ဘာလို့ ပြိုကွဲခဲ့ရတာလဲ။ မိန်းကလေးက အိမ်ထောင်ရေးမှာ အလေးအနက်



သဘောမထားခဲ့လို့လား။ ဒါမှမဟုတ် ယောက်ျားလေးက အိမ်ထောင်ရေးမှာ အလေးအနက် သဘောမထားခဲ့လို့လား ဆိုတာ။

အိမ်ထောင်ရေးမှာ အလေးအနက် သဘောမထားတတ်တဲ့ ယောက်ျားမျိုးကို စိတ်ဝင်စားမိရင်တော့ ခြေလွန်လက်လွန် မဖြစ်ခင် အမြန်ဆုံးနောက်ဆုတ်ပါ။ တစ်ခုလပ်များ အများဆုံး ပြောလေ့ရှိတာကတော့ နောက်အိမ်ထောင်ပြုတော့မယ်ဆိုတာနဲ့ ပထမအိမ်ထောင်ရဲ့ မကောင်းကြောင်းပါပဲ။

'ကျွန်တော်က အိမ်ထောင်ရေး ကံဆိုးပါတယ်ဗျာ။ သာသာယာယာ ပျော်ပျော်ရွှင်ရွှင်အိမ်ထောင်ရေးမျိုး ထူထောင်ခွင့်မရခဲ့ပါဘူး'

ဆိုတဲ့ စကားမျိုးနဲ့အစချီပြီး ကွဲသွားတဲ့မိန်းမရဲ့ အိမ်ထောင်ရေးတာဝန်မကျေမှု၊ သူက သည်းခံမှုတွေ တန်းစီပြောတော့တာပဲ။

သနားလောက်အောင်ပြောတဲ့နေရာမှာတော့ စပယ်ရှယ်လစ်ပဲ။ တစ်ခုလပ် အမျိုးသားများရဲ့မဟာဗျူဟာက ပထမအိမ်ထောင် မကောင်းကြောင်းပြောမှာ ဖြစ်ပြီး နည်းဗျူဟာကတော့ သူတို့ကို သနားလာအောင်လုပ်မှာပဲ ဖြစ်တယ်။

'လူကြီးသနားပါတယ်၊ သူ့ခမျာစားဝတ်နေရေး အခက်အခဲဖြစ်နေတယ်'

ဆိုတဲ့စိတ်မျိုး မိန်းကလေးရဲ့အတွေးထဲ ရောက်လာပြီဆိုလို့ကတော့ အဲဒီယောက်ျားကိုယူဖြစ်ဖို့ သေချာသလောက် ဖြစ်သွားပြီ။ တချို့တစ်ခုလပ်များကတော့ မိန်းကလေးကိုသနားအောင်ပြောတာမဟုတ်ဘဲ မက်လုံးပေး စည်းရုံးတတ်တယ်ကွဲ့။

'ကျွန်တော့်ဇနီးမရှိတော့ ဟာတာတာပေါ့ဗျာ၊ ရှိနေတဲ့ပစ္စည်းတွေကအစ စနစ်တကျသိမ်းမယ့်လူ မရှိတော့ အပေါ်စက်နဲ့ အောက်စက်ဆိုတာ သူငယ်ချင်းအိမ်ပို့ထားရတယ်၊ ကာရာအိုကေ


အိုးချင်းထား..
အိုးချင်းထိသတဲ့
ရှင့်...

စက်လဲ ဘေးအိမ်ကကလေးတွေ ဖွင့်ချင်ဖွင့်ပါစေဆို ပေးထားရတယ်၊ ကျွန်တော်က တစ်နေကုန်ပွဲရုံမှာ အချိန်ကုန်တာ မဟုတ်လား၊ ထမင်းဆိုင်မှာစားပြီး ပြန်လာတာဆိုတော့ အိမ်က ရေခဲသေတ္တာကို ဖွင့်မကြည့်ဖြစ်တာတောင် ခြောက်လလောက် ရှိပြီ'

ဆိုတာမျိုးတွေ ပြောလေ့ရှိတယ်။ အဲဒီလိုမက်လုံးပေးပြီး စည်းရုံးတတ်တဲ့ ယောက်ျားများကတော့ သူတို့တိုက်ရိုက်ပြောတာထက် အောင်သွယ်ကနေတစ်ဆင့် ပြောခိုင်းကြတာ များပါတယ်။ တစ်ခုလပ်တွေဟာ သနားအောင်ပြောတာနဲ့ အထင်ကြီးအောင် ပြောတာကို ကျင့်သုံးတတ်ကြသလို အနေနီးအောင်ဖန်တီးပြီး

အိုးချင်းထား အိုးချင်းထိ

ကြိုးချင်းထား ကြိုးချင်းငြိ

ဆိုတဲ့ မူနဲ့ယူတတ်တာလည်း ရှိသေးတယ်။ ဒါကြောင့် လေးလေးပြောခဲ့တာပေါ့။ တစ်ခုလပ်ဆိုတာ လက်မရွံ့ယောက်ျားတွေလို့။

မုဆိုးဖိုယောက်ျားများကတော့ အောင်သွယ်ကိုပိုပြီး အားကိုးလေ့ရှိကြတယ်။ အသက်ငယ်တဲ့မုဆိုးဖိုများကတော့ တစ်ခုလပ်များလိုပဲ ကျင့်သုံးလေ့ရှိပြီး အသက်ကြီးကြီးမုဆိုးဖိုများကတော့ အိမ်ထောင်သစ်ထူထောင်ချင်ပြီဆိုရင် ဆေးပေးမီးယူမရှိလို့ ရှိနေတဲ့ပစ္စည်းတွေ ပေးထားခဲ့ချင်လို့ဆိုတဲ့ နည်းတွေနဲ့ ချဉ်းကပ်လေ့ရှိသလို အိုးချင်းထား အိုးချင်းထိဆိုတဲ့မူကို ကျင့်သုံးတဲ့သူများလည်း ရှိတာပါပဲ။ အိမ်ထောင်မှု ထိန်းသိမ်းမယ့်လူ မရှိလို့၊ ပြုစုမယ့်သူမရှိလို့ဆို ခေါ်ထားပြီးမှ တစ်သက်လုံး ထိန်းသိမ်း၊ တစ်သက်လုံး ပြုစုလိုက်ကြရတော့တာတွေလည်း ရှိပါတယ်။



တစ်ခုလပ်နဲ့မုဆိုးဖိုဆိုတဲ့ ယောကျာ်းများမှာ မိန်းမတွေရဲ့ ဒဏ်ကို ပိုပြီးသည်းခံနိုင်တဲ့ အရည်အချင်းရှိတာတော့ သေချာတယ်။ သူတို့မှာက မိန်းမရဖူးတယ်ဆိုတဲ့ အားနည်းချက်က ရှိထားတာကိုး။ ဒီတော့ သူတို့ကိုယူတဲ့ မိန်းကလေးဟာ သူတို့ရဲ့ အားနည်းချက်ကို ခွင့်လွှတ်ပြီးယူတာမို့ သူတို့က ပိုသည်းခံရမယ်လို့ ဆိုကြတာပဲ။

ဒါကတစ်ခုလပ်နဲ့မုဆိုးဖိုဆိုတဲ့ ယောကျာ်းတွေရဲ့အကြောင်း ယောဘုယျသဘော ငါ့တူမများ သိရအောင် ပြောပြတာပါ။

## ဝါသနာကိုမတားနဲ့ ရှင်မရော

ယောကျာ်းများဟာ မိန်းမကို အချစ်ဆုံးပဲ။ စိတ်အဝင်စားဆုံးပဲလို့တော့ တရားသေ တွက်မထားလေနဲ့၊ မှတ်ထင်မထားလေနဲ့။ တချို့ ယောကျာ်းလေးများဟာ မိန်းမထက် သူတို့ ဝါသနာကို စိတ်ဝင်စားတတ်တာ ရှိသေးတယ်။

သမီးရည်းစားချိန်းထားပြီးမှ ဘောပွဲရှိလို့ မလာဖြစ်တာတို့၊ စတိတ်ရှိုးသွားနေလို့ မလာဖြစ်တာတို့ ဆိုတာ ချစ်သူထက်ဝါသနာကို ဦးစားပေးတဲ့ သဘောပေါ့။ ဝါသနာတွေက အမျိုးမျိုးပဲ။

အားကစား ဝါသနာပါသူ

ဂီတဝါသနာပါသူ

စာပေဝါသနာပါသူ

အဲသလို ဝါသနာတစ်ခုခုရှိနေသူကို ရည်းစားထားမိပြီဆိုတာနဲ့ စဉ်းစား။ သူ့ဝါသနာကို ကိုယ်ကရော စိတ်ဝင်စားသလား။ ဝါသနာပါနိုင်မလား ဆိုတာ။ ဖြစ်နိုင်ရင်တော့ ကိုယ့်ကို ချစ်ရေးဆိုလာကတည်း



က ကိုယ်က ချစ်ရေးမပြန်ခင်ကတည်းက သူ့ဝါသနာကို သိထားနိုင်ရင်တော့ ကောင်းတာပေါ့။ ဝါသနာမတူရင်ချစ်ရေးဆိုကတည်းက ကိုယ်က ချစ်ရေးမပြန်ခင်ကတည်းက လက်မခံလေနဲ့။ ရည်းစားဖြစ်ပြီးမှ ဝါသနာချင်းမတူရင်လည်း လက်ထပ်ဖို့ စဉ်းစားပေတော့။

သူ့ဝါသနာကို မသိဘဲ လက်ထပ်ပြီးခါမှ သူက ကိုယ့်ကို ဂရုမစိုက်ရင် တစ်သက်လုံး စိတ်ဆင်းရဲရမယ်လေ။ ယောက်ျားတွေမှာ ဝါသနာတစ်ခုခုရှိထားပြီဆိုရင် ချစ်သူဘဝမှာသာ မိန်းကလေးကို ဦးစားပေးချင်ပေးမယ်။ အဲရပြီးပြီဆိုလို့ကတော့ မိန်းမကို အိမ်မှာ ခေါက်ထားပြီး သူတို့ဝါသနာကို ရှေ့တန်းတင်တော့တာပဲ။ အိမ်မှာ စားစရာမရှိရင်နေ ဝါသနာပါတာကို မလုပ်ရရင် မနေနိုင်ဘူးဆိုတဲ့ ယောက်ျားမျိုးတွေ ထိရှိတယ်။

ယောက်ျားတစ်ယောက်ရဲ့ ဝါသနာဟာ

လောင်းကစားလို

အရက်လို

အပျော်အပါးလို

ဆိုးကျိုးကို ဦးတည်တဲ့ ဝါသနာမျိုးဆိုလို့ကတော့ အဲဒီ အိမ်ထောင်ဟာ သာယာစိုပြည်တဲ့ အိမ်ထောင်လုံးဝမဖြစ်နိုင်တော့ပါဘူး။ ယောက်ျားတွေဟာ အိမ်ထောင်ကျပြီးတဲ့အခါမှာ ကိုယ်လိုချင်တဲ့ မိန်းမကိုရပြီးတဲ့အတွက် ဝါသနာပါတာကို ပိုပြီးဦးစားပေးသွားတတ်ကြတယ်။ တချို့အသောက်အစားဝါသနာပါတဲ့သူများ 'ရှင်မိန်းမနဲ့အရက် ဘယ်သူ့ချစ်သလဲ၊ အရက်ဖြတ်မလား၊ မိန်းမဖြတ်မလား'ဆို မေးလာရင် အရက် ချစ်တယ်၊ မိန်းမ ဖြတ်မယ် ဆိုတဲ့ လူစားမျိုးတောင် ရှိပါသေးတယ်။

လောင်းကစား ဝါသနာပါလို့ မိန်းမကို ပေါင်ပြီး ဖဲရိုက်တဲ့ ယောကျ်ားမျိုးတောင် လေးလေးတို့ တွေ့ဖူးတယ်။ ယုံတမ်းစကား မဟုတ်ဘူး၊ တကယ်ပြောတာ။ အပေါင်ခံထားတဲ့သူက ဖဲဝိုင်းထဲမှာသာ သွေးဆူနေကြတုန်းမို့ အပေါင်ခံထားလိုက်ပြီး နောက်ရက်မှာယောကျ်ားက လာမရွေးတော့ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက် ထမင်းကျွေးထားရတာ မတတ်နိုင်လို့ ပြန်ခေါ်ပေးလိုက်ရတာတွေ ကြားဖူးတယ်။ တကယ်။

အဲ အဆိုးဆုံးကတော့ မိန်းမရှုပ်တာ မွေတာဝါသနာပါတဲ့ ယောကျ်ားကို ယူမိတဲ့ မိန်းမပဲ။ မိန်းမတွေမှာကလည်း

မုန့်ကိုသာ ဝေစားနိုင်မယ်

အချစ်ကိုတော့ ဝေမစားနိုင်ဘူး

ဆိုတဲ့စိတ်မျိုး ရှိကြတာဆိုတော့ ယောကျ်ားက မိန်းမရှုပ်ပြီ ဆိုတာနဲ့ ငိုမယ့်သာ ပြင်ပေတော့ပဲ။

ယောကျ်ားတွေရဲ့ဝါသနာဟာကိုယ်ခွင့်လွှတ်နိုင်တဲ့ ဝါသနာ လား။ အားကစားလို၊ အနုပညာလို၊ ကိုယ်နဲ့ စိတ်တူကိုယ်တူ ဝါသနာတူဖြစ်နိုင်မယ့်ဟာလား ကွဲကွဲပြားပြား ကြိုသိထားရင် ရေရှည်အတွက် စိတ်အေးရမယ်လေ။

ဝါသနာဆိုတာက ဖျောက်ဖျက်လို့ ရခဲသား။

ဘာဝါသနာမျှမပါပါဘူးဆိုတဲ့ ယောကျ်ားဟာမရှိသလောက် ပါပဲ။ တချို့က ကိုယ်ဝါသနာပါနေတာကို ဝါသနာပါမှန်း မသိဘူး။ ဆိုကြပါစို့။ စီးပွားရေးဝါသနာပါတဲ့လူ။ အဲဒီ ဝါသနာမျိုးကိုတော့ ရုတ်တရက်ဆို မသိကြဘူး။ အချိန်ကြာမှ သိရတာ။ ကိုယ်နဲ့ရပြီးတဲ့အခါ ကိုယ့်ဂရုစိုက်ဖို့ထက် 'ငွေ' ရဖို့သာဂရုစိုက်နေ၊ ငွေနောက်သာလိုက် နေ၊ ငွေတွေပဲ ချမ်းသာသည်ထက် ချမ်းသာ၊ အဲသလို စီးပွားရေး

ဝါသနာပါသူများကို ရမိရင်လည်း အထိုက်အလျောက်တော့ ကသိကအောင့်ဖြစ်ရတာပဲ။ အိမ်ထောင်ရေးသာယာမှုမှာ လစ်ဟင်းတာပါပဲ။

ဒါကြောင့် ကိုယ်ရွေးချယ်မယ့် ယောက်ျားလေးရဲ့ ဝါသနာကိုလည်း ကြိုတင်သိထားသင့်တယ်လို့ လေးလေးက ပြောတာပါ။ ယောက်ျားလေးများဟာ အိမ်ထောင်ကျပြီးရင် မိန်းမထက်ဝါသနာကို ဦးစားပေးတတ်ကြတယ်ကွဲ့။

## အသွင်မတူအိမ်သူမဖြစ်

ငါ့တူမများကို ကိုယ့်လာချစ်ရေးဆိုတဲ့၊ ကိုယ်ကလည်း စိတ်ဝင်စားတဲ့ ယောက်ျားလေးဆိုရင် သူရဲ့ဝါသနာကို ကြိုသိရအောင် လေ့လာဖို့ သတိပေးရတာက

အသွင်မတူ

အိမ်သူမဖြစ်

ဆိုတဲ့ စကားကလည်း ရှိထားတယ်လေ။ ယောက်ျားလေးတွေကလည်း ကိုယ်ယူတော့မယ့်မိန်းကလေးဆိုရင် ကိုယ်နဲ့ဝါသနာတူရဲ့လား၊ အသွင်တူရဲ့လားဆိုတာ လေ့လာတာပဲကွဲ့။ ဝါသနာအမူအကျင့်စရိုက်အသွင်မတူရင် ဘယ်နည်းနဲ့မျှ ပျော်ရွှင်ကြည်နူးစရာ အိမ်ထောင်တစ်ခု တည်ဆောက်လို့ မရနိုင်ဘူး မဟုတ်လား။

အဲ တစ်ချို့ယောက်ျားလေးများကတော့ အသွင်တူ မတူ မကြည့်တဲ့ ရုပ်ကလေးကြည့်ပြီး၊ အခြေအနေကြည့်ပြီး ယူလိုက်ရော၊ မိန်းကလေးကလည်း အဲဒီယောက်ျားလေးရဲ့ ဝါသနာမလေ့လာဘဲ



ယူလိုက်ရော ရပြီးတော့မှ အသွင်မတူကြတော့ စလယ်ဝင်ဖင် မမည်းခင်က ဟော့ကောင်မ ငါ့အိမ်ပေါ်က ခုဆင်းသွားဆိုတာမျိုးတွေ ဖြစ်ကုန်ရော။ အသွင်မတူ အိမ်သူ မဖြစ်ဆိုတဲ့ စကားဟာလည်း တကယ်တော့ သူ့ဝါသနာ ကိုယ့်ဝါသနာ ကြိုတင်လေ့လာဖို့သတိ ပေးတဲ့ စကားပါပဲ။

အိမ်ထောင်တစ်ခုတည်ဆောက်ရာမှာ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုတာတွေကိုသာ ကိုယ့်အတွက် အဆင်ပြေ မပြေ ကြိုတွေးလေ့ရှိကြတယ်နော်။ 'ဝါသနာ' ဆိုတာကို ထည့်သွင်းစဉ်းစားဖို့ မေ့နေကြတယ်။

## သူတို့အကြောင်းလည်း သိသင့်တာပဲ

ယောက်ျားလေးတွေအကြောင်းပြောရင် ချန်ထားလို့မရတာက တော့ မိန်းမစိတ်ပေါက်နေတဲ့ ယောက်ျားတွေအကြောင်းပဲ။ မိန်းကလေး တွေဟာ မိန်းမစိတ်ပေါက်နေတဲ့ယောက်ျားလေးများနဲ့ အလွန်ရင်းနှီး လွယ်ကြတယ်။ ခင်မင်လွယ်ကြတယ်။ ခပ်နွဲ့နွဲ့သွား ခပ်ချွဲချွဲ ပြောနေပေမယ့် သူတို့ဟာယောက်ျားတွေပဲဆိုတာ မေ့မထားသင့်ပါ ဘူး။ သိနေပါလျက်နဲ့ မေ့ထားမယ်ဆိုရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်နိုင်ပါတယ်။

မိန်းကလေးအတော်များများဟာ မိန်းမစိတ်ပေါက်နေတဲ့ ကောင်လေးတွေကို ယောက်ျားလေးတွေကို 'ယောက်ျား' ရယ်လို့ သဘော မထားတဲ့အတွက် သူတို့ဟာ မိန်းကလေးများနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်စားလို့ရနေကြတာပါ။ အများဆုံးလုပ်တာကတော့ ဆံပင် မိတ်ကပ် အလှပြင်လုပ်ငန်းပါပဲ။


သူ့ကို
ဆာဝေကျောင်းပြီး
သိသင့်တာပါ

လေးလေးသတိထားမိသလောက်ကတော့ မိန်းမစိတ်ပေါက်နေတဲ့ ယောက်ျားလေးများဟာ မကြားဝံ့မနာသာ စကားပြောဖို့ ဝန်မလေးကြပါဘူး။ ဒီတော့ သူတို့နဲ့ရင်းနှီးခင်မင်နေတဲ့ မိန်းကလေးများဟာ အကြားအာရုံအရ စိတ်လှုပ်ရှားမှုနဲ့မရိုးသားမှုတွေ ဖြစ်ကြတာ သေချာတယ်။

ဒီတော့

စိတ်ရဲ့ကြည်လင်မှုနဲ့ ရိုးသားမှုဟာ ထိပါးတိုက်စားခြင်းခံထားရတဲ့ ကမ်းနားသစ်ပင်လို ဖြစ်ကြရတယ်။ အချိန်မရွေးပြိုလဲနိုင်တယ်။

သူတို့ဟာ သူတို့ကိုယ်သူတို့ တကယ့်မိန်းကလေးတစ်ယောက်နေရာကနေပြီး ပြောဆိုတတ်ကြတယ်။

'ဘယ်သွားတာလဲ'

'ကိုကိုကခေါ်လို့လေ၊ ကိုကို့ကို သွားတွေ့တာ၊ ပါးတွေကြည့်ပါလား၊ သနပ်ခါးပျက်လာတာ မမြင်ဘူးလား'

ဆိုတဲ့ စကားမျိုးနဲ့နိဒါန်းပျိုးပြီး ဖိုမကိစ္စတွေကို ပြောလေ့ရှိကြတယ်။ ဒါကြောင့် လေးလေးက မိန်းမစိတ်ပေါက်နေတဲ့ ယောက်ျားလေးတွေနဲ့ ရောရောနှောနှောနေရင် စိတ်ရဲ့ကြည်လင်မှုနဲ့ရိုးသားမှုဟာ ထိပါးတိုက်စားခြင်းခံထားရတဲ့ ကမ်းနားသစ်ပင်လို ဖြစ်တတ်တယ်လို့ ပြောတာ။

မိန်းမစိတ်ပေါက်နေတဲ့ယောက်ျားများဟာ ဘယ်လိုလုပ်ငန်းမျိုးပဲလုပ်လုပ် အပြောအဆို လေကတော့ တစ်လေတည်းပါပဲ။

တစ်ချို့ကျတော့ မိန်းကလေးတွေက သူတို့ကိုတကယ့်မိန်းမလို ဆက်ဆံ၊ သူစိမ်းယောက်ျားတစ်ယောက်ဆိုတာကိုပါမေ့နေကြတဲ့အတွက် ပြဿနာပေါ်ရတာတွေလည်း ရှိဖူးတယ်။ ဒီတော့ မိန်းမစိတ်ပေါက်နေတဲ့ ယောက်ျားများနဲ့ ပတ်သက်လို့သူတို့ဟာ ဘယ်လိုပဲ

ဝတ်ဝတ်၊ ဘယ်လိုပဲ ပြောပြော၊ ဘယ်လိုပဲနေနေ ယောကျာ်းဟာ ယောကျာ်းပဲဆိုတဲ့ သတိနဲ့ ဆက်ဆံဖို့ သတိပေးချင်တယ်။

## မိန်းမဟာ မိန်းမပါပဲ

မိန်းမစိတ်ပေါက်နေတဲ့ ယောကျာ်းတွေအကြောင်း သိထားသင့်သလို ယောကျာ်းစိတ်ပေါက်နေတဲ့ မိန်းမတွေ အကြောင်းလည်း သိသင့်တာပဲ။ ယောကျာ်းလိုဝတ်၊ ယောကျာ်းဟန်နဲ့နေ၊ ယောကျာ်းလို ပြုမူနေပေမယ့် မိန်းမဟာ မိန်းမပါပဲ။

သူတို့ကိုတော့ မိန်းကလေးများက ယောကျာ်းမဟုတ်မှန်း သိပေမယ့် ယောကျာ်းလို သဘောထားပြီး ဆက်ဆံချင်ကြတယ်။ အဲဒါဟာလည်း အန္တရာယ်ရှိတာပဲကွဲ့။ သူတို့ကိုဝန်းကျင်က မိန်းမဆိုတဲ့ ဘဝမှန်သိထားတဲ့အတွက် သူတို့က ယောကျာ်းတစ်ယောက်လို ဆက်ဆံပေမယ့် အလိုက်အထိုက်နေကြတယ်။ အဲသလို နေပေးရင်းကပဲ မိန်းမချင်းယူတဲ့ အဖြစ်တွေ ကြုံရ ကြားရတာပေါ့။

တစ်ချို့ယောကျာ်းလျာလေးတွေက မိန်းကလေးတွေနားကပ်ရတာ လွယ်တော့ အတင်းကပ်၊ ယောကျာ်းတစ်ယောက်လို အသွင်နဲ့ ဆက်ဆံ၊ ခိုးပြေး ဆိုတာတွေ ဖြစ်လာကြတယ်။ တကယ်တမ်း မိန်းကလေးတစ်ယောက်ဟာ ယောကျာ်းလျာနဲ့လိုက်ပြေးပြီဆိုတော့လည်း အသိုင်းအဝိုင်းက စိတ်မချမ်းမသာဖြစ်ကြရတာပဲ။ အဲသလို မိန်းမချင်းကြိုက်ပြီး ပြန်ခွဲမရတာတွေလည်း အများကြီးတွေ့ဖူးတယ်။ တစ်ချို့ကတော့ မိန်းကလေးကို ခိုးပြေး၊ မိန်းကလေးဆီက ပါလာတဲ့ လက်ဝတ်လက်စားဖြုတ်ယူ၊ ယူစရာမရှိတော့ ပစ်ထားခဲ့တဲ့ ယောကျာ်းလျာမျိုးလည်း ရှိတတ်တယ်။



ဒီတော့ ငါတို့မများသိထားရမှာက ယောကျ်ားစိတ်ပေါက်နေတဲ့ မိန်းမကို ဘယ်တော့မှ ယောကျ်ားတစ်ယောက်လို သဘောထားပြီး မဆက်ဆံမိစေနဲ့။ အခွင့်အရေး မပေးလေနဲ့။ ဘဝတစ်သက်တာ လက်တွဲဖို့မဖြစ်နိုင်တဲ့ အနေအထားကို အလေးအနက် စဉ်းစားထားပါ။ ကြိုတွေးထားပါ။

မိန်းမစိတ်ပေါက်နေတဲ့ ယောကျ်ားတွေဟာ မိန်းကလေးတွေ အတွက် အန္တရာယ်ရှိသလို

ယောကျ်ားစိတ်ပေါက်နေတဲ့ မိန်းကလေးဟာလည်း မိန်းကလေး တွေအတွက် အန္တရာယ်ရှိတာပဲဆိုတာ သတိထားကြပါ။

ဒီ မိန်းမလျာ ယောကျ်ားလျာဆိုတာ အလွန်မှနည်းတဲ့အရေ အတွက်ဖြစ်ပေမယ့် မိန်းကလေးများရဲ့ဘဝ သာယာစိုပြည်မှုအတွက် အနှောင့်အယှက်အဟန့်အတားအဖြစ် တစ်စိတ်တစ်ပိုင်း၊ တစ်ထောင့် တစ်နေရာ ကြုံတွေ့နိုင်တာမို့ လေးလေးက တစ်လက်စတည်း ပြောလိုက်ရတာပါ။

## တစ်ခန်းရပ်
## 'ဟယ်(ဗ)တိုင်း' နဲ့
## တောဆိုင်းပါရစေဦး

ခုရေးပြပြီးခဲ့သလောက်ကတော့ ယောကျ်ားတို့ အကြောင်း နိဒါန်းလို့ သာသဘောထားနော်။ ပြီးပြည့်စုံပြီရယ်လို့ မထင်လိုက်နဲ့ဦး။ အကန့်အသတ်မရှိတဲ့ ယောကျ်ားတွေရဲ့မာယာတွေဟာ ပြောစရာ အများကြီး ကျန်ပါသေးတယ်။

လေးလေးရဲ့ ခေါင်းထဲ ဖျတ်ခနဲရောက်လာတာတွေကိုသာ ခု စာအုပ်မှာရေးပြလိုက်တာပါ။ ဒီစာအုပ်က ယောကျ်ားတွေ အကြောင်း ပြီးပြည့်စုံအောင်အသိမပေးနိုင်တောင်မှ ငါ့တူမများအတွက် သတိထားစရာရယ်လို့ အာရုံရောက်စေရင်ပဲ လေးလေး ရေးရကျိုး နပ်ပါပြီ။

ဒီစာအုပ်ဖတ်ပြီး

စဉ်းစားစရာ

ဝေဖန်စရာ

ဆွေးနွေးစရာ

လေးတွေရှိရင် လေးလေးဆီကို စာရေးပြီး

မေးပါ

ဆွေးနွေးပါ

ဝေဖန်ပါ

ဆက်လက်ဆွေးနွေးစရာရှိတာလေးတွေကိုလည်း လေးလေး ရှာဖွေပြီး ရေးပါဦးမယ်။ လေးလေးမသိသေးတဲ့၊ သတိမထားမိတဲ့

'ယောက်ျားတို့အကြောင်း'

ငါ့တူမများသိထားတာရှိနေရင်

အခြားအခြား 'အပျိုစင်' တို့အတွက် အသိလက်ဆင့်ကမ်းနိုင်အောင်ရေးပို့ကြပါလို့ မှာကြားရင်း။

သိက္ခာရှိရှိ

ပြည့်ပြည့်စုံစုံ

စိတ်ချမ်းချမ်းသာသာ

လျှောက်လှမ်းနိုင်ကြပါစေ။

